# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၁၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ် မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးရန် ရည်မှန်းထားသည့်အတိုင်း ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည့်အတွက် စိုက်ပျိုးပင်များ အောင်မြင်ရှင်သန်ရေး ဆက်လက်အားစိုက်

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဘုရားသွားလမ်း စံပယ်လမ်းဝဲယာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

## ယနေ့ ဖတ်စရာ




မျိုးဆက်များအကြား ညီညွတ်ရေး

ဆောင်းပါး | စာ - ၁၀

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် မိသားစုနှင့်အတူ နွေရာသီအပန်းဖြေရန် တောင်ကာရိုလိုင်းနားသို့ ထွက်ခွာ

နိုင်ငံတကာသတင်း | စာ - ၁၃



၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း မြင့်မားလာနိုင်

ကုန်သွယ်စီးပွား | စာ - ၁၇

# ကမ္ဘာ့လူငယ်၊ မြန်မာ့လူငယ်

ယနေ့ကမ္ဘာပေါ်တွင် လူငယ်ဦးရေ တစ်ဘီလီယံခန့်ရှိရာ နိုင်ငံအသီးသီးတွင်ရှိနေကြသည့် ထိုလူငယ်များသည် ၎င်းတို့နိုင်ငံ၏ အနာဂတ်နှင့်ကမ္ဘာကြီး၏ အနာဂတ်ကို ပုံဖော်ဖန်တီးကြမည့် အင်အားစုများပင်ဖြစ်သည်။ ကမ္ဘာ့လူငယ်လူဦးရေ၏ ၈၅ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိကြပြီး ယင်းတို့အနက် လူနည်းစုကသာ လူမှုအသိုက်အဝန်းတွင် ဝင်ဆံ့နိုင်ကြကာ လိုအပ်သော သတင်းအချက်အလက်၊ ပညာရေးနှင့် ဝန်ဆောင်မှုများရရှိကြကြောင်း၊ လူငယ်အများစုမှာ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနိမ့်ကျမှု၊ ကျန်းမာရေးနိမ့်ကျမှု၊ ကျား/မ တန်းတူမညီမျှမှု၊ လိင်မှတစ်ဆင့် ကူးစက်သောရောဂါများအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ အကြမ်းဖက်မှု၊ စစ်မက်ဖြစ်ပွားမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှု စသည်တို့အပါအဝင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေကြရသည်ဟုဆိုသည်။

အနာဂတ်လူငယ်များ၏ အခန်းကဏ္ဍနှင့် မျက်မှောက်ကာလ လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဖြေရှင်းပေးရန် ကုလသမဂ္ဂက ဆောင်ရွက်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာ လူငယ်များအတွက် အစီအစဉ်များအား နိုင်ငံတကာက အာရုံစိုက်လာစေရေးအတွက် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်၍ ကမ္ဘာ့နိုင်ငံများတွင် အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက်ကုလသမဂ္ဂကချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ " Intergenerational Solidarity: Creating a World for All Ages" "မျိုးဆက်များအကြား ညီညွတ်မှုအားဖြင့် သက်ရွယ်စုံညီ ကမ္ဘာသစ်ဆီ" ဟူ၍ ဖြစ်သည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်မှုရနိုင်ရန်မှာ မျိုးဆက်များအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုက သော့ချက်ဖြစ်သည့်အလျောက် အသက်အရွယ်စုံပါဝင်သည့် ကမ္ဘာကြီးကို ဖန်တီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ အသက် ၁၅နှစ်မှ ၃၅ နှစ်အကြား လူငယ်များဖြစ်သည့်အတွက် အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစားများပြားသည့် နိုင်ငံဖြစ်သည်။ အဆိုပါလူငယ်များ၏ စွမ်းအားကို နိုင်ငံတည်ဆောက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ပင် ကမ္ဘာ့အခြားနိုင်ငံများရှိ လူငယ်များရင်ဆိုင်နေကြရသည့် အခက်အခဲများအတိုင်း မိမိတို့နိုင်ငံရှိ လူငယ်များမှာလည်း အခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်ကို ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးသွားရန် လိုအပ်သည်။ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရာတွင် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးနှင့် ယှဉ်တွဲဆောင်ရွက်ခြင်းနှင့်အတူ လူငယ်များ၏ပညာရေးနှင့် ကျန်းမာကြံ့ခိုင်ရေး မြှင့်တင်မှုတို့ကိုပါ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

"ခေတ်ကာလအခြေအနေအရ ယခုအခါ လူငယ်များသည် အလုပ်လုပ်ရင်းပညာသင်သည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ အနည်းဆုံး အခြေခံပညာအလယ်တန်းနှင့် အထက်ရရှိစေရန် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်မြောက်မှုအပေါ်မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မည့်သူများကို မွေးထုတ်ရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့ရာ မိမိတို့နိုင်ငံနှင့် လူငယ်များ၏ မျက်မှောက်ကာလ ပကတိအခြေအနေများပင်ဖြစ်သည့်အလျောက် လူငယ်စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် အသုံးပြုနိုင်ပါစေကြောင်း။ ။



# ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။




## မိုးပိုနေမည်

ရန်ကုန် ဩဂုတ် ၁၁

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# သုဝဏ္ဏဝတီမြို့၌ အဆုတ်(တီဘီရောဂါ)နှင့် ရင်ခေါင်းဆိုင်ရာရောဂါများကို အခမဲ့ စမ်းသပ်စစ်ဆေး

**သုဝဏ္ဏဝတီ ဩဂုတ် ၁၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ အ.ထ.က (ကျိုက္ကော်) ရွှေရတုခန်းမ၌ ဩဂုတ် ၁၁ ရက် နံနက်ပိုင်းမှစတင်၍ သထုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း ကျန်းမာရေးစစ်ဆေးရေးအဖွဲ့တို့ ပူးပေါင်းကာ ရွေ့လျားကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် အဆုတ် (တီဘီရောဂါ) နှင့် ရင်ခေါင်းဆိုင်ရာရောဂါများကို ပြည်သူများအား အခမဲ့စမ်းသပ်စစ်ဆေး ဆောင်ရွက်ပေးခဲ့သည်။

လာရောက် စမ်းသပ်သော ပြည်သူများအား ဦးစွာဓာတ်မှန်ရိုက် စစ်ဆေးပြီး ရောဂါတွေ့ရှိသူများကို သလိပ်စစ်ဆေး၍ သက်ဆိုင်ရာဆေးများနှင့် လိုအပ်သောကုသမှုများ ညွှန်ကြားပေးခြင်း၊ လာရောက်စစ်ဆေးသူပြည်သူ ၁၉၁ ဦးအနက် ရောဂါရှိသူ ၁၄ ဦး တွေ့ရှိကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါပြန့်ပွားမှုမရှိအောင် ရောဂါ ရှိ၊ မရှိ လာရောက်စစ်ဆေးကြရန် လိုကြောင်း ပြည်နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဦးက ပြောသည်။

ယခုကဲ့သို့ ကွန်ပျူတာ ဓာတ်မှန်စက်ဖြင့် အခမဲ့ နယ်လှည့်တီဘီရောဂါ ရှာဖွေကုသခြင်းသည် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကို များစွာ အထောက်အကူပြုကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



# တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) တွင် ၂၀၂၂ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(ဓါတ်ပုံ)**



စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် လျော့ကျစေရေး သဘာဝဘေးအန္တရာယ်ကာကွယ်ပေးနိုင်ရေး အထောက်အပံ့ဖြစ်စေရန်နှင့် နိုင်ငံ့ဝင်ငွေတိုးပွားစေနိုင်ရေးတို့အတွက် အကျိုးကျေးဇူးများဖြစ်ထွန်းနိုင်မည့် ရတနာ တန်းဝင်ကျွန်းပင် ၉၀၊ ရင်းမာပင် ၄၀၊ သရက်ပင် ၃၀နှင့် မန်ကျည်းပင် ၄၀ စုစုပေါင်းပျိုးပင် ၂၀၀ ကို စိုက်ပျိုးခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဒီဂရီကောလိပ် (စစ်ကိုင်း) တွင် ယခုနှစ်မိုးရာသီကာလအတွင်း စုစုပေါင်း ပျိုးပင် ၁၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သျှားထက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✻ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ်အတွင်းနိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးကြိုကာလ၊ မိုးဦးကာလများမှ ယခုမိုးလယ်ကာလအထိ ကျင်းပဆောင်ရွက်ပေးနေခြင်းသည် သစ်တော သယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးတို့အတွက် ပြည်သူလူထုက ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို မြှင့်တင်ပေးရန် ရည်ရွယ်ကျင်းပခြင်းပင်ဖြစ်ကြောင်း။

**ဆက်လက်အားစိုက် ထိန်းသိမ်း**

သစ်တော၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည့်အတွက် **"မြေဆီစိုခိုက် သစ်ပင်စိုက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ လူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ယခုနှစ်မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇ သန်း စိုက်ပျိုးတည်ထောင်သွားရန် ရည်မှန်းထားသည့်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနက ဇူလိုင်လကုန်တွင် လျာထားချက် ပြည့်မီအောင် စိုက်ပျိုးပြီးဖြစ်သည့်အတွက် စိုက်ပျိုးပင်များအောင်မြင်ရှင်သန်ရေးကို ဆက်လက်အားစိုက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**Green Campaign များ မြှင့်တင်ဆောင်ရွက်နေ**

နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစေရန်၊ စိမ်းလန်းစိုပြည်သာယာစေရန်၊ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်စေရန် Green Campaign များ ဆောင်ရွက်နေသကဲ့သို့ ပါကစ္စတန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ စသည့်ဒေသတွင်းနိုင်ငံများ၌ အစီအစဉ်အမျိုးမျိုးဖြင့် Green Campaign များ မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

**အလေးထားဆောင်ရွက်**

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ သစ်တောတစ်ဟက်တာသည် ကာဗွန်ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်ခန့် သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာ့သစ်တောများသည် ကာဗွန်မက်ထရစ်တန်သန်းပေါင်း ၂ သိန်းကျော် သိုလှောင်ထားကြောင်း၊ တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန်၁၆ ဒသမ ၂သန်းကျော်စုပ်ယူပေးလျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များအရ လေ့လာသိရှိရသည့်အတွက် သစ်တောများ ထိန်းသိမ်းစိုက်ပျိုးထူထောင်ရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**မုန်တိုင်းများ ပိုမိုတိုက်ခတ်လာနိုင်**

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသည့်နိုင်ငံများစာရင်းတွင် ပါဝင်သည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပြောင်းလဲခြင်း အကျိုးဆက်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ ပိုမိုတိုက်ခတ်လာနိုင်ခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကဲ့သို့ ရာသီဥတုဖောက်ပြန်မှုများ ပိုမိုဖြစ်ပေါ်လာပြီး အနောက်တောင် မုတ်သုံလေဝင်ရောက်ချိန် ပုံမှန်ထက်နောက်ကျပြီး ဆုတ်ခွာချိန် ပုံမှန်ထက်စောလာသည့်အတွက် မုတ်သုံကာလ တိုတောင်းခြင်းများကြောင့်

- ❍ **မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောရေိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းများတစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများကို အများဆုံးတွေ့ရှိရ**
- ❍ **ဒီရေတောများသည် ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံ၏ ငါး၊ ပုစွန်၊ ကဏန်းရေထွက်ကုန် သယံဇာတများတိုးပွားရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်ကြောင်း**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများကိုပါ ထိခိုက်လာနိုင်ကြောင်း။

**ဒီရေတောကာကွယ်ထိန်းသိမ်း**

ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့လာရသည့် သဘာဝဘေးအန္တရာယ်များကို ပြန်ကြည့်မည်ဆိုပါက ၂၀၀၈ ခုနှစ် မေလတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးကို ဝင်ရောက်တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ကြရပြီး နိုင်ငံအနေဖြင့်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားစိုက်ဆောင်ရွက်ခဲ့ရသည်ကို အားလုံးသိရှိကြကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်၏ လေပြင်းတိုက်ခတ်မှုနှင့် ပင်လယ်ဒီရေလှိုင်းများမြင့်တက်မှုကို ဒီရေတောများက ထိထိရောက်ရောက်ကာကွယ်ပေးသဖြင့် ဒေသခံများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုနည်းပါးခဲ့သည်ကို လက်တွေ့သိမြင်ခဲ့ရသည့်အတွက် ဒီရေတောကာကွယ်ထိန်းသိမ်းရေးနှင့် ပြန်လည်စိုက်ပျိုးထူထောင်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မှုကို သင်ခန်းစာရရှိခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောရေိယာ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပြီး မြန်မာ့ကမ်းရိုးတန်းများ တစ်လျှောက်ရှိ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီရေတောများကို အများဆုံးတွေ့ရှိရပါကြောင်း၊ ဒီရေတောများသည် ကမ်းရိုးတန်းဒေသနေပြည်သူများအတွက် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ပံ့ပိုးပေးနိုင်သည့်အပြင် နိုင်ငံ၏ ငါး၊ ပုစွန်၊ ကဏန်းရေထွက်ကုန် သယံဇာတများတိုးပွားရေး၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးတို့အတွက် အလွန်အရေးပါသည့် ဂေဟစနစ်ဖြစ်ပါကြောင်း။

**ဦးစားပေးမြှင့်တင်ဆောင်ရွက်**

ထို့ကြောင့် ဒီရေတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်တည်ထောင်စိုက်ပျိုးရေးတို့ကို ဦးစားပေးမြှင့်တင်ဆောင်ရွက်သွားကြရန် ကမ်းရိုးတန်း တိုင်းဒေသကြီးနှင့် ပြည်နယ်ခရီးစဉ်များတွင် အစဉ်လမ်းညွှန်မှာကြားလျက်ရှိသကဲ့သို့ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ ဖွဲ့စည်းပေးပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်များ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

- **နိုင်ငံတော်အနေဖြင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုလျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နိုင်ငံတစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိ**
- **နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ နိုင်ငံတကာသဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်နေ**

*စာမျက်နှာ ၃ မှ*

တိုးချဲ့ဖွဲ့စည်းခြင်း၊ နိုင်ငံပိုင် ဒီရေတောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ယခုနှစ် မိုးရာသီမှစတင်ပြီး ကိုကိုးကျွန်းအပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသမြို့နယ် ၆၀ ၌ ဒီရေတောပင်၊ အရိပ်ရပင် တစ်အုပ်တစ်မစိုက်ခင်းများကို လူထုပူးပေါင်းပါဝင်မှုဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**ရေချို ဧကပေသန်း (၈၀၀) ကျော် စီးဆင်း**

မြန်မာနိုင်ငံတွင်ရှိသည့် မြစ်ကြီး လေးသွယ်အပါအဝင် မြစ်ချောင်းကွန်ရက်များမှ နှစ်စဉ် ရေချို **ဧကပေသန်း (၈၀၀)** ကျော် စီးဆင်းလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ်ရေချိုပမာဏ **ဧကပေ (၄၅) သန်းကျော်သာ** အသုံးပြုလျက်ရှိသည့်အတွက် နှစ်စဉ်စီးဆင်းနေသည့် ရေချိုပမာဏ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ သုံးစွဲနေသည်ကို တွေ့ရှိရကြောင်း။

**ထိထိရောက်ရောက် ဆောင်ရွက်**

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေသယံဇာတဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရေအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် အလားအလာကောင်းများစွာ ရှိပါကြောင်း၊ နိုင်ငံ၏ မြစ်ချောင်းကွန်ရက်များကို ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ရေဝေရေလဲဒေသတွင်ရှိသည့် သစ်တောများ ပျက်စီးပြုန်းတီးသည့်အခါ နုန်းအနည်အနှစ်များသည့် ရေများ မြစ်ချောင်းများအတွင်း တိုက်ရိုက်စီးဆင်းခြင်း၊ ရေစီးကြောင့် မြေပြိုတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်မှု မရှိခြင်း၊ မြစ်ချောင်းများ တိမ်ကောစေခြင်း၊ စိုက်ပျိုးမြေများ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်း စသည့် နောက်ဆက်တွဲ ဆိုးကျိုးများသက်ရောက်စေသည့်အပြင် ရေသယံဇာတအခြေပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ ဖြစ်သည့် ရေအသုံးပြုရေး၊ လျှပ်စစ်ထုတ်လုပ်ရေး၊ ငါးနှင့် ရေထွက်ကုန် သယံဇာတထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ ထိခိုက်နိုင်သည့်အတွက် ရေဝေရေလဲဧရိယာအတွင်းရှိ သစ်တောများထိန်းသိမ်းရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းပေါင်းစပ်ပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်**

နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝဂေဟစနစ်နှင့် သယံဇာတများ အမျိုးအစားစုံလင်စွာ တည်ရှိလျက်ရှိရာ မြန်မာနိုင်ငံ မိုးနည်းရပ်ဝန်းတွင်ရှိသည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေးကိုလည်း အာရုံစိုက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အပူပိုင်းဒေသသစ်တောများ ပြုန်းတီးသည့်အခါ မိုးကွင်းပြီး မိုးခေါင်ရေရှားခြင်း၊ မြေအောက်ရေဆုံးရှုံးခြင်း၊ ရေထွက်စိမ့်စမ်းများပျောက်ကွယ်ခြင်း၊ မြေဆီလွှာ အဆင့်အတန်းကျဆင်းရာမှ သဲကန္တာရဖြစ်ထွန်းနိုင်ခြင်း စသည့်အကျိုးဆက်များ ဖြစ်လာနိုင်ပါကြောင်း၊ စိုက်ပျိုးရေရရှိရေးကိုလည်း ထိခိုက်စေပြီး ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ထိခိုက်စေမည် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် အပူပိုင်းဒေသ၏ အိုအေစစ်ဖြစ်သည့် ပုပ္ပါးတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ၁၉၉၀ ပြည့်နှစ်များက စတင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် ရေထွက်စိမ့်စမ်းများ ပြန်လည်ပေါ်ထွက်လာပြီး ရာသီဥတုမှန်လာကာ စိုက်ပျိုးရေးလုပ်ငန်းများ ယခင်ကထက် ပိုမိုဆောင်ရွက်လာနိုင်ပြီး စိမ်းလန်းစိုပြည်သာယာလှပစွာဖြင့် ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဖြစ်သည့် အပူပိုင်းဒေသသစ်တောများ ထိန်းသိမ်းရေး၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေး၊ ကျေးရွာများ ရေရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်ပြုပြင်ရေးနှင့် ထင်းအစားအခြား လောင်စာနှင့် စွမ်းအားမြှင့်မီးဖိုများ သုံးစွဲရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**သစ်တောဂေဟစနစ်များ ထိန်းသိမ်း**

နိုင်ငံတော်အနေဖြင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံလူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် နိုင်ငံတစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ နိုင်ငံတကာသဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်နေပါကြောင်း။

**အေးမြလှပသည့်အရိပ်အာဝါသ**

မြန်မာလူမျိုးတို့သည် ရေရှည်အကျိုးကို မျှော်မှန်းပြီး နောင်လာနောက်သားများ အသုံးပြုနိုင်ရန် သစ်ပင်စိုက်ပျိုးကြသည့် မြန်မာ့ဓလေ့နှင့်အညီ သစ်တော၊ သစ်ပင်တိုးမြှင့်စိုက်ပျိုးရေးကိုအားပေးသည့်အနေဖြင့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားလျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အဝင်လမ်းတွင် စိမ်းလန်းသာယာပြီး မိဘပြည်သူများ စိတ်ချမ်းမြေ့စွာဖူးမြော်နိုင်ရေး သစ်ပင်စိုက်ပျိုးပွဲများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ယခုစိုက်ပျိုးခြင်းသည် စတုတ္ထအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ နောင်အချိန်တွင် စိမ်းလန်းသာယာလှပပြီး စိတ်ချမ်းမြေ့ဖွယ်ရာလမ်းမကြီးအဖြစ် ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ အသုံးပြုသူအားလုံး အေးမြလှပသည့်အရိပ်အာဝါသနှင့် ခံစားရစေမည်ဖြစ်သည့်အတွက် ကြီးမားသည့် ကုသိုလ်တစ်ခု ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း။

**ဂေဟစနစ်ကို မပျက်စီးအောင် ထိန်းသိမ်း**

နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေး၊ သဘာဝဘေးကာကွယ်ရေးစသည့် ကိစ္စရပ်များအတွက် အလွန်အရေးပါသည့် နိုင်ငံနှင့်အဝန်း သစ်ပင်သစ်တောများ ဖုံးလွှမ်းစိမ်းစိုသာယာရေးကို အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ပံ့ပိုးပေးပြီး လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံ့သစ်တောသယံဇာတများကို ရှေးလူကြီးသူမများ ဆုံးမဆိုရိုးထားရှိသည့် **“ဥတုရာသီ တောကိုမှီ၊ တောတောင်ရှိမှ စမ်းရေရ၊ တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၊ တောတောင်ခြောက်ခန်း လယ်ယာနွမ်း”** ဟူသည့် စကားနှင့်အညီ သစ်တောသစ်ပင်များနှင့် ဂေဟစနစ်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများကို အလေးထားဂရုပြုပြီး နိုင်ငံ၏ကြွယ်ဝသည့် သစ်တောသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် စနစ်တကျ အကျိုးရှိရှိ အသုံးပြုနိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် ပြုစုထူထောင်သွားကြရမည်ဖြစ်သည်ဟု တိုက်တွန်းနှိုးဆော်လိုပါကြောင်းဖြင့် ပြောကြားသည်။

**ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က ကံ့ကော်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများသည် စံပယ်လမ်းဝဲယာ၌ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များ တပျော်တပါးစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ပျိုးပင် စုစုပေါင်း ၇၇၆ ပင်ကို စိုက်ပျိုးခဲ့**

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေနှင့် စိန်ပန်းသစ်မျိုး ပျိုးပင် စုစုပေါင်း ၇၇၆ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း မုစလိန္ဒအိုင်တွင် ကျည်းပင်စိုက်ပျိုးပူဇော်ခြင်းနှင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်(၁) ကျည်းပင်ကို ရေစင်ရေသန့်များ သွန်းလောင်းပူဇော်စဉ်။

■ ကျောက်တိုးတော်ကြီးများ သယ်ယူခဲ့ခြင်းသည် ရေလမ်းအရ ကမ္ဘာပေါ်တွင် အဝေးဆုံးသယ်ဆောင်ခြင်း၊ ကုန်းလမ်းအရ အဝေးဆုံးသယ်ဆောင်ခြင်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယခုဆင်းတုတော်ကြီး တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်မက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

## ကျည်းပင်စိုက်ပျိုးပူဇော်

ဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာပို့ဂါထာတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းတို့သည် အမှတ်(၁) ကျည်းပင်စိုက်ပျိုးပူဇော်မည့်နေရာတွင်လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းတို့သည် အမှတ်(၂) ကျည်းပင်နေရာတွင်လည်းကောင်း၊ ကောင်စီဝင်မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်းနှင့် ဦးကိုကိုတို့သည် အမှတ်(၃) ကျည်းပင်နေရာတွင်လည်းကောင်း အသီးသီးနေရာယူကြသည်။

ယင်းနောက် အခမ်းအနားမှူးက အခါတော်စာတမ်းကိုဖတ်ကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်(၁) ကျည်းပင်စိုက်ပျိုးမည့်နေရာတွင် ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်၍ မင်္ဂလာအချိန်ရောက်ရှိချိန်တွင် ကျည်းပင်ကို မင်္ဂလာဖဲကြိုးဆွဲ၍ စိုက်ပျိုးပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) ကျည်းပင်အား မြေဆီဩဇာများ ကျွေးမွေးပြီး ရေစင်ရေသန့်များ သွန်းလောင်းကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

တစ်ချိန်တည်းတွင် အမှတ်(၂) ကျည်းပင်ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကလည်းကောင်း၊ အမှတ်(၃) ကျည်းပင်ကို ကောင်စီဝင် မန်းငြိမ်းမောင်နှင့် အဖွဲ့ဝင်များကလည်းကောင်း စိုက်ပျိုးပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

## ပိဋကတ်ကျောက်စာတော်များ တည်ထားပူဇော်

ဆက်လက်ပြီး အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်ကြီးများ အမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များ စတင်စိုက်ထူပူဇော်မည့်နေရာသို့ ရောက်ရှိကြပြီး မင်္ဂလာအချိန်တွင် ပိဋကတ်ကျောက်စာတော်များကို မင်္ဂလာရွှေကြိုးဆွဲ၍ စတင်တည်ထားပူဇော်ကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာဗေယျာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဦးဆောင်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိဋကတ်ကျောက်စာတော်များကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှတ်(၂) ကျည်းပင်ကို ရေစင်ရေသန့်များ သွန်းလောင်းပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော် ဓမ္မစေတီတော်များအား ဖူးမြော်ကြည်ညိုကြစဉ်။

*စာမျက်နှာ ၅ မှ*

ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်အတွက် စကျင်ကျောက်တော်ကြီးများ တူးဖော်ခဲ့မှုနှင့် အဆင့်ဆင့်သယ်ယူခဲ့ရမှု အခြေအနေ၊ စကျင်ကျောက်တော်ကြီးများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ထုဆစ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနိကအဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာတော်များကို ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒများခံယူ၍ စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေး ဆောင်ရွက်ခဲ့သည်များနှင့် ပတ်သက်၍ ပြောကြားရာတွင် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို Shwe Foundation ၏ မေတ္တာရပ်ခံချက်အရ မိမိဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ်ဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒများနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် လေ့လာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုအခြေအနေများကို သိရှိနိုင်ရန် ကျောက်တော်ကြီးအားတူးဖော်၍ X–Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ကြောင်း၊ ထွက်ပေါ်လာသည့် ကျောက်တော်ကြီးကို အကြမ်းထည်ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိကာ ပလ္လင်တော် ၁၈ ပေ ထပ်မံထည့်သွင်းနိုင်ရေး လုပ်ဆောင်ခဲ့ကြောင်း၊ သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၊ ပါမောက္ခချုပ်ဆရာတော် ဘုရားကြီးနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးတို့ထံမှလည်း ဩဝါဒနာယူ၍ ဆောင်ရွက်ခဲ့ကြောင်း။

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျောက်စာတော်များကို မင်္ဂလာရွှေကြိုးဆွဲ၍ စတင်တည်ထားပူဇော်စဉ်။

**“ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဠ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိခြင်းဖြစ်ပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကိုပါ တစ်ပါတည်း လေ့လာကြည်ညို၍ နာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီးများ အမှတ်(၃) ကျည်းပင်ကို ရေစင်ရေသန့်များ သွန်းလောင်းပူဇော်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် Mr. Hiromichi Watanabe ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် Mr. Hiromichi Watanabe ဦးဆောင်သည့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးတည်ရှိရာ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ရည်ရွယ်၍ ချယ်ရီပင်များကို ဂျပန်နိုင်ငံမှ စိုက်ပျိုးလှူဒါန်းသွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေများနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများတွင် သတင်းမှားများ ဖြစ်ပေါ်နေမှုနှင့် အဖြစ်မှန်များကို ဂျပန်နိုင်ငံရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော်အမတ် Mr. Hiromichi Watanabe အား လက်ခံတွေ့ဆုံစဉ်။

ပြည်သူများ သိရှိရန်လိုအပ်မှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ အောက်လွှတ်တော် အမတ်နှင့်အတူ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ Mr. Fumio Usui နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံ လစ်ဘရယ်ဒီမိုကရက် တစ်ပါတီ အောက်လွှတ်တော်အမတ်တို့သည် အမှတ်တရ ပစ္စည်းများ အပြန်အလှန် ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

### ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်

ဆင်းတုတော်ကြီးအား နေပြည်တော်တွင် တည်ထားကိုးကွယ်နိုင်ရေးအတွက် ပင့်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထုထည်ပမာဏကြီးမားသောကြောင့် မူလဉာဏ်တော်အမြင့်ကို မထိခိုက်စေဘဲ အစိတ်အပိုင်း လေးပိုင်းခွဲ၍လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ငါးပိုင်းခွဲ၍လည်းကောင်း အပိုင်းလိုက်ဖြတ်တောက်၍ သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရကြောင်း၊ သယ်ဆောင်နိုင်ရေးအတွက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှမြောင်မြစ်အထိ တူးမြောင်းဖောက်လုပ်ကာ Barge ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ရေး လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင်ပူဇော်ရကြောင်း၊ ဆီမီးခုံဆိပ်ကမ်းတွင် အလေးချိန်လျှော့ချခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့ အခက်အခဲများကြားမှ ဆက်လက်ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ကျောက်တုံးတော်ကြီးများ သယ်ယူခဲ့ခြင်းသည် ရေလမ်းအရ ကမ္ဘာပေါ်တွင် အဝေးဆုံးသယ်ဆောင်ခြင်း၊ ကုန်းလမ်းအရ အဝေးဆုံးသယ်ဆောင်ခြင်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယခုဆင်းတုတော်ကြီး တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်မက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို အဆင့်မြင့်နည်းပညာဖြစ်သည့် CNC Machine များဖြင့်ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းထည်ထုဆစ် ပြီးစီးချိန်တွင် အချောထည်ထုဆစ်ခြင်းလုပ်ငန်းကို မြန်မာကျောက်ဆစ်ပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ဆရာတော်ကြီးများ၏ ဩဝါဒ မိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်တော်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များကို တည်ထားနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စမသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဌ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိခြင်းဖြစ်ပြီး ဘုရားဖူးလာမိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကိုပါ တစ်ပါတည်း လေ့လာကြည်ညို၍ နာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

### နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်

ဆဋ္ဌသင်္ဂါယနာတင်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးကဲ့သို့သော သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်သည့် သာသနာ့ ဗိမာန်တော်ကြီးတစ်ခုကိုလည်း ထည့်သွင်းတည် ဆောက်လျက်ရှိပြီး သံဃာအပါး ၁၂၀၀ နှင့် လှူပရိသတ်များ ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း၊ မုစလိန္ဒအိုင်ကိုလည်း ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ တည်ဆောက်နေကြောင်း၊ မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်နေချိန်အတွင်း ဘုရားကြီးတည်ထားကိုးကွယ်မှုကို ပြီးစီးအောင် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်မှု အောင်မြင်စွာပြီးစီးရေးအတွက် ကျွမ်းကျင်အင်ဂျင်နီယာများ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် အကြမ်းထည်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်ကြီးတည်ဆောက် ပြီးစီးချိန်တွင် ဂေါပကဆရာတော်ကြီးများ သီတင်းသုံးနေထိုင်နိုင်ရေး ကျောင်းဆောင်တော်များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပိဋကတ်သုံးပုံကျမ်းစာအုပ်များ နိုင်ငံတကာကျမ်းစာများကဲ့သို့ အဆင့်မီပုံနှိပ်ဖြန့်ချိထုတ်ဝေနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်စာတိုက်များသို့ လာရောက်ကြည်ညိုသူများ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရေး ပိဋကတ်ကျမ်းစာများကို Mobile Tablet များတွင် ထည့်သွင်းထားရှိပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပိဋကတ်ကျမ်းစာများထည့်သွင်းထားသည့် Mobile Tablet များကို ဝယ်ယူပူဇော်လိုပါကလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပလ္လင်တော်အကြမ်းထည် တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှု၊ မုစလိန္ဒအိုင်နှင့် ကျောက်စာရုံများ တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းကျန်းမာရေးသီတင်းပတ်တွင် ကျောင်းသား ကျောင်းသူ ၆ ဒသမ ၆ သန်းခန့်အား သန်ချဆေးတိုက်ကျွေးခြင်းဆောင်ရွက်မည်

နေပြည်တော် သြဂုတ် ၁၁

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ဗဟိုအဆင့်အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကျောင်းအခြေပြု ကျောင်းကျန်းမာရေးလုပ်ငန်းများဖြစ်သည့် ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို မျှတစွာစားသုံးရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကူးစက်ရောဂါကာကွယ်ရေး၊ ကိုယ်ကျန်းမာမှု၊ စိတ်ကျန်းမာမှုနှင့် လူမှုရေးကျန်းမာမှုတို့နှင့်ပြည့်စုံရေး စသည်တို့နှင့်ပတ်သက်၍ ကျောင်းသား ကျောင်းသူဘဝမှစတင်ကာ ကျန်းမာရေး အသိပညာဗဟုသုတများ ပြည့်စုံစေရေးနှင့် ဘဝတစ်လျှောက်လုံး လေ့ကျင့်သွားရမည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးနိုင်ရေးသည် အထူးအရေးပါသည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျောင်းအခြေပြု ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ ကျောင်းမှ ပြည်သူအတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာအန္တရာယ် ကင်းဝေးရေးလုပ်ငန်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

**အရှိန်အဟုန်မြှင့် ဆောင်ရွက်**

ယခုကဲ့သို့ ကျောင်းကျန်းမာရေး ရက်သတ္တပတ် အခမ်းအနားကျင်းပခြင်းဖြင့် ကျောင်းကျန်းမာရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေးအဆင့်မြှင့်ကျောင်း လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နှီးနွှယ်အဖွဲ့အစည်းအသီးသီးတို့မှ ဗဟို၊ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျောင်း စသည့်အဆင့်တိုင်းတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း။

**ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေး**

ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် သြဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ကျရောက်သည့် ကျောင်းကျန်းမာရေးသီတင်းပတ်တွင် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆ ဒသမ ၆ သန်းခန့်အား ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပထမအကြိမ် ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သက်ဆိုင်ရာ အတန်းအလိုက် ခေါင်းစဉ်များသတ်မှတ်ကာ ကာတွန်း/ပန်းချီရေးဆွဲပွဲ၊ ကဗျာ/စာစီစာကုံးရေးပွဲ၊ ပြိုင်ပွဲများကျင်းပခြင်း၊ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်း၊ သက်ရှယ်ဆင့်တူ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ဆေးနည်းအဆင့်ဆင့်နှင့် စနစ်မှန်သွားတိုက်ခြင်းတို့ကို သရုပ်ပြခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း၊ ပြခန်းငယ်ပြသပညာပေးခြင်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်းများကို ကျောင်းအလိုက် ဦးစားပေးရွေးချယ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများဘဝတွင် ကျောင်းတော်ကြီးမှ ပျိုးထောင်ပေးလိုက်သည့် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများကို ဆက်လက်စွဲမြဲစွာ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာသော နိုင်ငံသားများ ဖြစ်လာနိုင်စေရေးအတွက် တစ်မျိုးသားလုံးကျန်းမာဖို့ ကျောင်းကျန်းမာရေး မြှင့်တင်လို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ ဟု ပြောကြားသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်ဗီဒီယိုကို ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူလေးများက "ဘဝတွက်တာကျောင်းကျန်းမာ" သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အစီအစဉ် ဒုတိယပိုင်းအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်နေသော ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက အားပေးကြည့်ရှုသည်။ ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အ.ထ.က (၆)ရှိ ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် ပါးစပ်နှင့်နှာခေါင်းစည်း(Mask)များ၊ ရေမလိုလက်သန့်စင်ဆေးရည်များနှင့် သွားတိုက်ဆေးဘူးများကို ကျောင်းအုပ်ကြီးထံသို့ ပေးအပ်သည်။

ထို့နောက် ကြွရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသော ဧည့်သည်တော်များက ကျောင်းသား ကျောင်းသူများကို သန်ချဆေးတိုက်ကျွေးခြင်း၊ ပျိုဖော်ဝင်ဆယ်ကျော်သက် ကျောင်းသူများကို သံဓာတ်အားဆေးပေးဝေခြင်းနှင့် သူငယ်တန်း ကျောင်းသား ကျောင်းသူများအား နို့၊ ကြက်ဥပြုတ်နှင့် ငှက်ပျောသီး အာဟာရများ ပေးဝေကြသည်။

**အားပေးကြည့်ရှု**

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ စနစ်မှန်သွားတိုက်ခြင်း သရုပ်ပြခြင်းကို အားပေးကြည့်ရှုခြင်း၊ ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများကို ကျန်းမာစေကြောင်း အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ ကျောင်းခန်းမရှေ့ရှိ စာသင်ခန်းများအတွင်းတွင် ကျောင်းသား ကျောင်းသူများမှ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးများ ရေးခြယ်သီကုံးနေမှုများကို လှည့်လည်အားပေးခြင်းတို့ ဆောင်ရွက်သည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများနှင့် အထိမ်းအမှတ်အခမ်းအနားများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်း၊ တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရေး ဆောင်ရွက်သွားကြရမည်

**နေပြည်တော် သြဂုတ် ၁၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေး အစီအစဉ် (Knowledge Sharing Program-KSP) အရ ကျင်းပသည့် ဆွေးနွေးပွဲ အမှတ်စဉ်(၁၉)ကို "Project Delivery System" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အဓိကတာဝန်မှာ ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းတို့ဖြစ်ပြီး စစ်ဆေးရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်တွင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးခြင်း (Real Time Audit)ကိုပါ စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစစ်ဆေးခြင်းသည် စီမံကိန်းလုပ်ငန်း စတင်သည့်အချိန်မှ ပြီးဆုံးသည့်အချိန်အထိ ဆောင်ရွက်မှုအဆင့်အလိုက် စစ်ဆေးခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများအနက် လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းစီမံကိန်းများမှာ အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးဖြစ်ထွန်းမှု၊ ထိရောက် အောင်မြင်မှုရှိစေရေး အလေးပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်ပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

သို့ပါ၍ ယနေ့ဆွေးနွေးပေးမည့် လမ်း၊ တံတားစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရွေးချယ်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို လေ့လာမှတ်သားပြီး သိရှိလိုသည်များကို မေးမြန်းခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အကြံပြုခြင်းများဖြင့် ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်သီဟနှင့် စီမံကိန်းစစ်ဆေးရေးနှင့် အရည်သွေးထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်အိအိမျိုးနှင့် အဖွဲ့က Project Delivery System နှင့်စပ်လျဉ်း၍ ဒီဇိုင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စီမံခန့်ခွဲမည့်အဖွဲ့ ရွေးချယ်ခြင်း (Project Organization)၊ လုပ်ငန်းရှင်နှင့် ကန်ထရိုက်တာတို့အကြား သဘောတူညီချက်ပုံစံ (Contract Type) နှင့် ကန်ထရိုက်တာ ရွေးချယ်ခြင်း (Contractor Selection)၊ Lump Sum Contract၊ Unit Price Contract တို့ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများကို Case Study များဖြင့် ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက အပြန်အလှန် အကြံပြုဆွေးနွေးခြင်း၊ မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး / ပြည်နယ် ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ စမ်းဝတီ သဘာဝမြေသြဇာစက်ရုံကို ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၁၁

**တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများသည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ ရွှေကမ္ဘာငွေစုငွေချေး သမဝါယမအသင်းနှင့် စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသော စမ်းဝတီ သဘာဝမြေသြဇာစက်ရုံကို ကြည့်ရှုလေ့လာကြသည်။**



ရှေးဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက စမ်းဝတီ သဘာဝမြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း စတင်ပေါ်ပေါက်လာပုံ၊ သမဝါယမအသင်း ဖွဲ့စည်းပေးမှု၊ ဈေးကွက်ရှာဖွေချိတ်ဆက်ပေးမှု၊ အခြေခံသမဝါယမအသင်းများမှ တစ်ဆင့် အသင်းသား တောင်သူများထံသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချနေမှုနှင့် သမဝါယမအသင်းသား တောင်သူများအတွက် သဘာဝမြေသြဇာများ ထောက်ပံ့ပေးမှုကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက စမ်းဝတီ နို့စားနွား မွေးမြူရေးခြံ စတင်ပေါ်ပေါက်လာပုံ၊ နို့စားနွားများ မွေးမြူထားမှု၊ နွားစာများ စိုက်ပျိုးထုတ်လုပ်မှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှု၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း၊ စမ်းဝတီ မွေးမြူရေးနှင့် သဘာဝမြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်း ဥက္ကဋ္ဌ စက်ရုံတာဝန်ခံက စမ်းဝတီ သမဝါယမအသင်း၏ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ သဘာဝမြေသြဇာ ထုတ်လုပ်နေမှု အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု၊ သဘာဝမြေသြဇာ အသုံးပြု၍ စမ်းသပ်စိုက်ပျိုးမှုမှ စပါးထွက်ရှိမှုအခြေအနေ၊ စိုက်ပျိုးနည်းစနစ်နှင့် လေ့လာတွေ့ရှိချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများက စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝန်ကြီးချုပ်များ၊ ဥက္ကဋ္ဌများအနေဖြင့် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ သဘာဝမြေသြဇာများ ထုတ်လုပ်မည်ဆိုပါက မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တတ်စွမ်းသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖိတ်ကြားပြသရခြင်းမှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို အကျိုးရှိသည့် သဘာဝမြေသြဇာများအဖြစ် မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြန်လည် ထုတ်လုပ်အသုံးပြုနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

စမ်းဝတီမှ ထွက်ရှိသော ထုတ်ကုန်များကို FDA ထောက်ခံချက်၊ နို့စားနွား မွေးမြူခွင့်လိုင်စင်များနှင့် အသေးစား စက်မှုလက်မှု လိုင်စင်များ ရယူ၍ ဆောင်ရွက်လျက်ရှိပြီး နို့စားနွား ၃၂ ကောင် မွေးမြူထားကြောင်း၊ နေ့စဉ် နွားနို့ ပိဿာချိန် ၄၀၀ ခန့် ထွက်ရှိပြီး ရွှေပုစွန်၊ မြစိမ်းရောင်၊ ပျဉ်းမနား မြို့တွင်းရှိ ဆိုင်များ၊ ကာကွယ်ရေး ပစ္စည်း ထုတ်လုပ်ရေးတပ်များ၊ စမ်းဝတီ နို့ထွက်ပစ္စည်း စက်ရုံ တို့ကို နို့စိမ်း၊ ဒိန်ချဉ်၊ အသင့်ပိုးသတ်ကြိုချက်ပြီး နွားနို့များကို ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ဈေးဝယ်စင်တာများဖြစ်သော Ocean Super Center၊ ABC Store များ၊ City Mart များတွင်လည်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ စမ်းဝတီသဘာဝမြေသြဇာကို ကုန်ကြမ်းပစ္စည်းများဖြစ်သည့် နွားချေး၊ ဂျပ်ပဆန်/ဒိုလိုမိုက် ကျောက်များ၊ အရိုးများ၊ တီကောင်များ၊ ကြက်ချေး၊ လင်းနို့ချေးများ စသည်တို့ဖြင့် ဖော်စပ်ထားပြီး မြေသြဇာအရည်အသွေး စစ်ဆေးခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များဌာနခွဲ ရေဆင်းသို့ လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အောက်ရှိ ရန်ကုန်ဓာတ်ခွဲခန်းသို့ လည်းကောင်း ပေးပို့စစ်ဆေးအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံမှ တစ်ရက်လျှင် ၅၀ ကီလိုဂရမ် အိတ် ၄၀၀ ကျော်နှင့် တစ်လလျှင် အိတ် ၁၀၀၀၀ ကျော် ထွက်ရှိကြောင်း။

စမ်းဝတီ သဘာဝမြေသြဇာ၏ အကျိုးကျေးဇူးများ အနေဖြင့် စိုက်ပျိုးသီးနှံပင် တစ်ပင်ချင်းမှ လိုအပ်သော အာဟာရဓာတ်များကို မျှတစွာရရှိစေပြီး လျင်မြန်စွာ အားဖြည့်ပေးခြင်း၊ သုံးစွဲသည့် တောင်သူများအနေဖြင့် အန္တရာယ်ဖြစ်စေမှုကို ရာနှုန်းပြည့် နည်းပါးခြင်း၊ ကြာရှည်ခံခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ မြေပျက်စီးမှု မရှိခြင်းနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်ခြင်းတို့ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ၁/၂၀၂၂ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအောက်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဒုတိယဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဩဂုတ် ၃ ရက်က ကျင်းပခဲ့သော ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်အရ အကြောင်းအမျိုးမျိုးကြောင့် မိမိတို့၏နေရပ်များကို စွန့်ခွာနေထိုင်ရသူများကို ၎င်းတို့၏ နေရင်းဒေသများသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သော ထောက်ပံ့မှုများပေးနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးနိုင်ရန်အတွက် လုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရခြင်းဖြစ်ကြောင်း၊ မိမိတို့ဌာနများအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းအစီအမံများကို ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မြေပြင်တွင် အမှန်တကယ်အကျိုးရှိပြီး ထိရောက်စွာ ဆောင်ရွက်နိုင်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အဓိကထားဆွေးနွေးပေးကြရန်၊ ဥပမာအားဖြင့် နေရပ်ပြန်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ၎င်းတို့ဒေသနှင့် ကိုက်ညီသော သင့်လျော်သည့် ဈေးကွက်ဝင်သီးနှံများ၏ မျိုးစေ့များနှင့်နည်းပညာများ ပံ့ပိုးပေးကြရန် အကြံပြုလိုကြောင်း၊ နေရပ်ပြန်မည့်သူများ နေ့စဉ်ဝင်ငွေရရှိနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်တန်းများသည်လည်း အရေးပါသဖြင့် အဓိကစီမံရမည့် ကိစ္စရပ်ဖြစ်၍ အားလုံးဝိုင်းဝန်းအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော ကော်မတီဝင်ဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမိတ်မြို့နယ်၌ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့်ဆိတ်များ ဖြန့်ဖြူးပေးအပ်

မိုးမိတ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ် ပဒါန်း ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် မျိုးကောင်းမျိုးသန့်ဆိတ်များ ဖြန့်ဖြူးပေးအပ်ခြင်းကို ဩဂုတ် ၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ မြင့်ဇော်နှင့်ဝန်ထမ်းများ၊ တာဝန်ရှိသူများက ဆိတ်မွေးမြူမည့် ကျေးရွာနေ အိမ်ထောင်စု ငါးစုရှိ ဒေသခံတိုင်းရင်းသားများထံ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ကြောင်း သိရသည်။

ထိုသို့ဖြန့်ဖြူးရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်ဇော်က ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး စီးပွားရေးကုစားပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ဖြန့်ဖြူးပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ဆိတ်မွေးမြူမည့် အိမ်ထောင်စု ငါးစုအား ဆိတ်အထီး ငါးကောင်နှင့် အမ ၁၀ ကောင် စုစုပေါင်း အိမ်ထောင်စုတစ်စုလျှင် ဆိတ်အကောင်ရေ ၁၁ ကောင်နှုန်းဖြင့် ပေးအပ်မည်ဖြစ်သည်။ နှစ်နှစ်ပြည့်ပြီးပါက ဆိတ်မွေးမြူသည့်သူများက ဌာနမှ ပေးအပ်သော ဆိတ်အကောင်ရေ ၁၁ ကောင်သာ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး တိုးပွားလာသည့် ဆိတ်ကောင်ရေများကို မွေးမြူသူက ရရှိမည်ဖြစ်ကြောင်းနှင့် ပြန်လည်ပေးအပ်သည့် ဆိတ်များကို အခြားမွေးမြူလိုသူများထံသို့ မွေးဖြန့်စနစ်ဖြင့် ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူငွေး(ခရိုင်ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုဆောင်းပါး

# မျိုးဆက်များအကြား ညီညွတ်ရေး

သိန်းထွန်း (IR)

**၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက်သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ၁၉၉၉ ခုနှစ်က လစ်စဘွန်းတွင် ကျင်းပခဲ့သော ကမ္ဘာ့လူငယ်ရေးရာဝန်ကြီးများ ညီလာခံမှ ထောက်ခံအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ အရ ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ခဲ့သည်။**

သို့ဖြစ်၍ နှစ်စဉ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် သက်ဆိုင်သည့် ဆောင်ပုဒ်သတ်မှတ်၍ ဩဂုတ် ၁၂ ရက်တွင် ကျင်းပလျက်ရှိကြသည်။ ယင်းသို့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ကျင်းပရသည့် ရည်ရွယ်ချက်တွင် ကမ္ဘာတစ်ဝန်းရှိ လူမှုအသိုက်အဝန်းတွင် လူငယ်များ၏ အနာဂတ်ကို အလေးထားလာရန်နှင့် မြှင့်တင်ရန်အတွက် ကျင်းပခြင်းလည်း ပါဝင်ပါသည်။




### အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ဆောင်ပုဒ်မှာ Intergenerational Solidarity: Creating a World for All Ages မျိုးဆက်များအကြား ညီညွတ်ခြင်းဖြင့် မျိုးဆက်အားလုံးအတွက် ကမ္ဘာတစ်ခုဖန်တီးခြင်း ဖြစ်ပါသည်။ ယင်း၏ ရည်ရွယ်ချက်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Sustainable Development Goals) အောင်မြင်ရန် မျိုးဆက်များအားလုံး၏ စွမ်းရည်များကို အပြည့်အဝ အသုံးချရန်လိုအပ်ကြောင်း၊ မျိုးဆက်များအကြား ညီညွတ်ရေးသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သော့ချက်ဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့အားလုံးသည် မည်သူမှနောက် မကျန်ရစ်စေရဆိုသည့် ရည်မှန်းချက်ပြည့်ဝစေရန်အတွက် အောင်မြင်၍ သာတူညီမျှရှိသော မျိုးဆက်များအကြား ဆက်နွယ်မှုနှင့် မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဆိုပါသည်။ တစ်နည်းအားဖြင့် မျိုးဆက်တစ်ခုနှင့်တစ်ခုအကြား လက်ဆင့်ကမ်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ယနေ့ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသော အခက်အခဲ စိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရန်ဟု နားလည်မိပါသည်။

### မျိုးဆက်အားလုံးညီညွတ်မှု

မျိုးဆက်များအကြား ညီညွတ်ခြင်းဖြင့် မျိုးဆက်အားလုံးအတွက် ကမ္ဘာတစ်ခုဖန်တီးခြင်း ဆောင်ပုဒ်သည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ရည်ရွယ်သတ်မှတ်ထားသော်လည်း ယင်းဆောင်ပုဒ်၏ ရည်ရွယ်ချက်တွင် လူငယ်များသာမက မျိုးဆက်များ အားလုံးနှင့် အကျုံးဝင်နေသည်ကို တွေ့ရပါသည်။ မျိုးဆက်များအကြား လက်ဆင့်ကမ်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် ကုလသမဂ္ဂနှင့် နိုင်ငံအလိုက် ဖော်ဆောင်နေကြသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်နိုင်မည်ကို သတိပြုစေလိုခြင်းဖြစ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များသည် မျိုးဆက်တစ်ခုစာ လုပ်ဆောင်ရမည့် ရေးရာကိစ္စများ မဟုတ်ဘဲ မျိုးဆက်အလိုက် လက်ဆင့်ကမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ရာ မျိုးဆက်များအကြား ညီညွတ်ရေးနှင့် ပူးပေါင်းလုပ်ဆောင်ရေးသည် အရေးပါသော လုပ်ငန်းစဉ် ဖြစ်လာပါသည်။

ယခင်က မျိုးဆက်တို့၏ ပူးပေါင်းလုပ်ဆောင်မှု၊ လက်ဆင့်ကမ်းမှုနှင့် ညီညွတ်မှုကြောင့် တိုးတက်မှုများ ယနေ့ ရရှိခံစားနေကြရပါသည်။ သို့သော်လည်း ပြောင်းလဲတိုးတက်လာသည့် ကမ္ဘာ့အခြေအနေများကြောင့်ဖြစ်ပေါ်လာသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများသည် မျိုးဆက်ဟောင်းများနှင့် မျိုးဆက်သစ်တို့အပေါ် အကျိုးသက်ရောက်စေလျက်ရှိပါသည်။ ကမ္ဘာကြီးတွင် လတ်တလော ရင်ဆိုင်နေကြရသော ကိုဗစ်-၁၉ ကပ်ရောဂါ၊ ဒေသဆိုင်ရာပဋိပက္ခများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ဆင်းရဲမွဲတေမှု၊ မညီမျှမှုတို့ကဲ့သော စိန်ခေါ်မှုများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ၏ အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိသည်ကို တွေ့ရပါသည်။ ယင်းစိန်ခေါ်မှုများ ကိုင်တွယ်ဖြေရှင်းရေးမှာ မျိုးဆက်များအားလုံး ညီညွတ်စွာ စုပေါင်းဖြေရှင်းမှု လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် မျိုးဆက်များအလိုက် စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းဖြင့်သာ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ဖြစ်လာနိုင်ပါသည်။ ထို့အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောနယ်ပယ်အသီးသီးတွင်လည်း မျိုးဆက်များ အလိုက်ဟန်ချက်ညီညီ ပူးပေါင်းလုပ်ဆောင်မှုသာ စဉ်ဆက်မပြတ် အောင်မြင်မှုနှင့် တိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

**❒ မျိုးဆက်များအကြား လက်ဆင့်ကမ်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိမှသာလျှင် ကုလသမဂ္ဂနှင့် နိုင်ငံအလိုက် ဖော်ဆောင်နေကြသည့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်နိုင်မည်ကို သတိပြုစေလိုခြင်းဖြစ်ပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များသည် မျိုးဆက်တစ်ခုစာ လုပ်ဆောင်ရမည့် ရေးရာကိစ္စများ မဟုတ်ဘဲ မျိုးဆက်အလိုက် လက်ဆင့်ကမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ရာ မျိုးဆက်များအကြား ညီညွတ်ရေးနှင့် ပူးပေါင်းလုပ်ဆောင်ရေးသည် အရေးပါသောလုပ်ငန်းစဉ် ဖြစ်လာ**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် လူငယ်များအတွက် ပညာရေးနှင့် လူငယ်ရေးရာမူဝါဒ အကောင်အထည်ဖော်ဆောင်နိုင်မှုတို့အပေါ်တွင် တည်မှီနေပါသည်။ ထိုကဲ့သို့ နိုင်ငံ၏ အနာဂတ်၊ လူငယ်တို့၏ အနာဂတ်အတွက် အရေးပါသော ပညာရေးနှင့် လူငယ်ရေးရာမူဝါဒများ ထိထိရောက်ရောက် အောင်မြင်စေရန် ပစ္စုပ္ပန်မျိုးဆက်များက တာဝန်ယူလုပ်ဆောင်ရကြရပါသည်။ ယင်းမှာ မျိုးဆက်အလိုက် တာဝန်ယူမှုလည်း ဖြစ်ပါသည်။ အနာဂတ်ကမ္ဘာကြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်တာဝန်ယူကြမည့် လူငယ်များကို လက်ရှိမျိုးဆက်တို့က ပြုစုပျိုးထောင်ခြင်း၊ ပညာနှင့် အတွေ့အကြုံမျှဝေခြင်း၊ လက်တွဲခေါ်ယူခြင်း၊ နေရာပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုသို့လုပ်ဆောင်ရာတွင် လူငယ်များအတွက် ကျွမ်းကျင်မှုနှင့် အခွင့်အလမ်းများ ဖန်တီးပေးရသကဲ့သို့ အသက်အရွယ်ကြီးသော မျိုးဆက်များကိုလည်း နေရာပေး ပူးပေါင်းရန် လိုအပ်ပါသည်။ သို့မှသာ ပညာ၊ အတွေ့အကြုံ၊ ရင့်ကျက်မှု၊ ဖျတ်လတ်မှု၊ ရဲရင့်မှု၊ တီထွင်နိုင်စွမ်း၊ ပြောင်းလဲနိုင်စွမ်းကဲ့သို့သော အရည်အသွေးများ စုစည်းရရှိနိုင်မည်ဖြစ်ပါသည်။

### ကြီးမားသော လူဦးရေအချိုး

ကမ္ဘာ့လူငယ်ဦးရေသည် ၂၀၁၉ ခုနှစ် စာရင်းအရ အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အကြား လူဦးရေမှာ ၁ ဒသမ ၂ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းရှိကြောင်း ကုလသမဂ္ဂစာရင်းများအရ သိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေ ၈ ဘီလီယံရှိလာမည်ဟု ကုလသမဂ္ဂမှ ခန့်မှန်းထားပြီး ယင်းခန့်မှန်းချက်ပမာဏ၏ ၂၆ ဒသမ ၂ ရာခိုင်နှုန်းကျော်သည် အသက် ၁၅ နှစ် အောက်ဖြစ်သည်ကို တွေ့ရပါသည်။ ထိုပမာဏသည် ကမ္ဘာ့လူဦးရေ၏ လေးပုံ တစ်ပုံကျော်ဖြစ်ပါသည်။ အသက် ၁၅ နှစ်နှင့် ၆၄ အကြား လူဦးရေသည် ၆၃ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါသည်။ အသက် ၆၅ နှစ် အထက်သည် ၇ ဒသမ ၄ ရာခိုင်နှုန်းရှိပါသည်။ ထိုလူဦးရေစာရင်းတွင် လူငယ်များဆိုသည့် အသက်ကန့်သတ်ချက်ဖြင့် သီးခြားဖော်ပြထားသည်ကို မတွေ့ရပါ။

နိုင်ငံတကာတွင် လူငယ်ဆိုသည့် အသက်အပိုင်းခြားနှင့် ပတ်သက်၍ အားလုံးသဘောတူ လက်ခံထားသော သတ်မှတ်ချက် မရှိသေးပါ။ သို့သော်လည်း စာရင်းဇယားဆိုင်ရာ ရည်ရွယ်ချက်အတွက် လူငယ်၏ အသက်အပိုင်းအခြားကို အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အကြားအဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားပါသည်။ မြန်မာနိုင်ငံတွင်မူ လူငယ်ဆိုသည်ကို အသက် ၁၅ နှစ်နှင့် ၃၅ အကြားအတွင်းရှိသူများဖြစ်ကြောင်း လူငယ်ရေးရာမူဝါဒ (၂၀၁၇၊ နိုဝင်ဘာ)တွင်သတ်မှတ်သည်ကို တွေ့ရပါသည်။

လက်ရှိကမ္ဘာ့လူဦးရေအရ အသက် ၁၀ နှစ်နှင့် ၂၄ နှစ်အကြား လူဦးရေမှာ ၁ ဒသမ ၈ ဘီလီယံခန့်ရှိသဖြင့် လူငယ်သမိုင်းတွင် အကြီးမားဆုံးမျိုးဆက်ဖြစ်ပါသည်။ ယင်းလူငယ် ၉၀ ရာခိုင်နှုန်းခန့်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်နေကြပါသည်။ ထိုသို့ လူငယ်အချိုးအစားပမာဏများစွာ ပိုင်ဆိုင်ထားသော ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကြီးမားသောအခွင့်အရေး ဖြစ်ပါသည်။ သို့သော်လည်း လူငယ်လူဦးရေအချိုးအစား များစွာရှိနေသည့်တိုင် သက်ဆိုင်ရာနိုင်ငံများက လူငယ်ရေးရာအနာဂတ်စီမံကိန်းများကို နိုင်ငံ၏ ရေရှည်ရည်မှန်းချက်များနှင့်ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်နိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

### စိန်ခေါ်မှုများ

လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံအလိုက် မူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေကြသော်လည်း လူငယ်များအတွက် စိန်ခေါ်မှုများရှိနေဆဲ ဖြစ်ပါသည်။ ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစ၍ လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုအဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် မရေရာမသေချာမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို့အပြင် ဒေသဆိုင်ရာ ပဋိပက္ခများကြောင့် ဖြစ်လာသည့် အကျိုးဆက်များသည်လည်း လူငယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ရိုက်ခတ်လျက် ရှိပါသည်။

ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ၄၇ နိုင်ငံရှိ လူငယ်လူဦးရေမှာ ၂၀၁၉ ခုနှစ်တွင် ၂၀၇ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၃၃၆ သန်းအထိတိုးလာနိုင်သဖြင့် လာမည့် ဆယ်စုနှစ် သုံးခုအတွင်း ၆၂ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားပါသည်။ ယင်းနိုင်ငံများရှိ လူငယ်များ၏ အနာဂတ်မှာ အခြားသောဒေသများမှ လူငယ်များထက် အခက်အခဲများ ပိုမိုကြုံတွေ့နိုင်သည့် အခြေအနေ ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများ အပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်နေ မိုးမိုးလွင်သည် ၎င်းအသုံးပြုသည့် “Moe Moe Lwin” Facebook အကောင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် စက်မှုဇုန် (၁) ကျန်စစ်သားလမ်းနှင့် တိုင်းတာမင်းကြီးလမ်းထောင့်နေ ညို၀င်း (ခ) မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Myo Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## မြေပဲဆီသန့်၊ နှမ်းဆီသန့်၊ နေကြာဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဩဂုတ် ၁၁

သမဝါယမကဏ္ဍအနေဖြင့် ဒေသထွက်ကုန်များကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ကုန်စည်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန၏ပေါင်းစပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သမဝါယမအသင်းစုမှ မြေပဲဆီသန့်၊ နှမ်းဆီသန့်၊ နေကြာဆီသန့်များကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် လစဉ် မြေပဲဆီသန့်၊ နှမ်းဆီသန့်၊ နေကြာဆီသန့် ပိဿာချိန် ၁၅၀၀ ခန့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယခုလအတွင်း မြေပဲဆီသန့်၊ နှမ်းဆီသန့်၊ နေကြာဆီသန့်ပိဿာချိန် ၂၄၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ယနေ့အချိန်ထိ ဆီပိဿာချိန်ပေါင်း ၁၆၆၀၀ ကျော် ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် ၂၀၁၇ ခုနှစ်က မိမိတို့နိုင်ငံမှ ထွက်ခွာ၍နေထိုင်သော အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အကြား လူငယ်ဦးရေပမာဏမှာ ၂၈ သန်းခန့်ရှိခဲ့သဖြင့် ကမ္ဘာ့ပြောင်းရွှေ့ လူဦးရေ ၂၅၈ သန်း၏ ၁၁ ရာခိုင်နှုန်းရှိခဲ့ပါသည်။ အသက် ၁၅ နှစ်နှင့် ၂၄ နှစ်အကြား ရွှေ့ပြောင်းလူငယ်ပမာဏသည် အာဖရိက ဆာဟာရဒေသမှ ၁၆ ရာခိုင်နှုန်း၊ အရှေ့နှင့် အရှေ့အာရှမှ ၁၃ ရာခိုင်နှုန်း၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသ မှ ၁၃ ရာခိုင်နှုန်း၊ အလယ်နှင့် တောင်အာရှမှ ၁၂ ရာခိုင်နှုန်း၊ မြောက်အာဖရိကနှင့် အနောက်အာရှမှ ၁၂ ရာခိုင်နှုန်း၊ သမုဒ္ဒရာအတွင်းရှိ ကျွန်းဒေသများမှ ၁၁ ရာခိုင်နှုန်းနှင့် ဥရောပနှင့် မြောက်အမေရိကမှ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရပါသည်။

ထို့ပြင် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အခြားသော စိန်ခေါ်မှုများကြောင့် လူငယ်များ နိုင်ငံပြင်ပသို့ တရားဝင်၊ တရားမဝင် ထွက်ခွာသွားကြသဖြင့် လူငယ်တို့၏ အနာဂတ်မရေရာ မသေချာမှုများ ဖြစ်စေရုံမျှမက နိုင်ငံ၏ လူသားရင်းမြစ်များ ဆုံးရှုံးခြင်းနှင့် ဦးနှောက်ယိုစီးခြင်းများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ အချို့နိုင်ငံများတွင် လူငယ်ဦးရေအချိုးအစား ပမာဏများစွာ ပိုင်ဆိုင်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရာသီဥတုပြောင်းလဲမှု၊ ဒေသဆိုင်ရာ ပဋိပက္ခများ၊ အလုပ်အကိုင်ရှားပါးမှုတို့ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကြောင့် လူငယ်များ၏အနာဂတ်အပေါ် ထိခိုက်လျက်ရှိသည်ကို တွေ့ရပါသည်။

**ပူးပေါင်းမှုဖြင့် အနာဂတ်အတွက် လမ်းဖွင့်ပေး**

လူငယ်ဖြစ်ခြင်းသည် ပြောင်းလဲမှု၊ တိုးတက်မှုနှင့် အနာဂတ်ဆိုသည့် အဓိပ္ပာယ်ဟု ဆိုကြပါသည်။ လူငယ်များ ယနေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အခွင့်အလမ်းနှင့် ဘဝတိုးတက်မှု အဖြေများအဖြစ် ပြောင်းလဲနိုင်မှသာ လူငယ်များသည် လူ့အဖွဲ့အစည်းအတွက် ကြီးမားသော မောင်းနှင်အား ဖြစ်လာမည်ဖြစ်ပါသည်။ ထိုသို့ မောင်းနှင်အားအဖြစ်သို့ ပြောင်းလဲရန်ဆိုသည်မှာလည်း လူငယ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ထို့အတူ လူငယ်များအတွက် ကျွမ်းကျင်မှုများနှင့် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် လူငယ်များ၏ အနာဂတ်များ တောက်ပလာနိုင်မည်ဖြစ်ပါသည်။ ကုလသမဂ္ဂသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်များနှင့် အစိုးရများ၏ တာဝန်ယူမှုရှိစေရေးလုပ်ငန်းစဉ်များတွင် လူငယ်များကို အရေးပါသော အခန်းကဏ္ဍမှ ထည့်သွင်းထားသည်ကို တွေ့ရပါသည်။

**○ လူငယ်များ ယနေ့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အခွင့်အလမ်းနှင့် ဘဝတိုးတက်မှု အဖြေများအဖြစ် ပြောင်းလဲနိုင်မှသာ လူငယ်များသည် လူ့အဖွဲ့အစည်းအတွက် ကြီးမားသော မောင်းနှင်အား ဖြစ်လာမည် ဖြစ်ပါသည်။ ထိုသို့ မောင်းနှင်အားအဖြစ်သို့ ပြောင်းလဲရန်ဆိုသည်မှာလည်း လူငယ်များအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ ထို့အတူ လူငယ်များအတွက်ကျွမ်းကျင်မှုများနှင့် အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် လူငယ်များ၏ အနာဂတ်များ တောက်ပလာနိုင်မည် ဖြစ်ပါသည်**

မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (၂၀၁၈-၂၀၃၀) ၏ ရည်မှန်းချက်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒအဖြစ် ကျင့်သုံးရန် ချမှတ်ထားသည်ကို တွေ့ရပါသည်။ ထို့ပြင် စီးပွားရေးမူဝါဒများတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စီးပွားရေးကို ဖြစ်ထွန်းစေသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်ဟု ဖော်ပြထားပါသည်။ ပန်းတိုင် ၅ တွင် နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဟု ချမှတ်ထားသည်ကို တွေ့ရပါသည်။

စီမံကိန်းများဖြင့် လူငယ်တို့၏ အနာဂတ်များ မြှင့်တင်ရာတွင် ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များအပြင် အခြားသောကဏ္ဍများ၌လည်း လူငယ်များအတွက် အခွင့်အလမ်းများ လိုအပ်ပါသည်။ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ၏ ကဏ္ဍအသီးသီးသို့ လွှဲပြောင်း တာဝန်ယူကြရမည်ဖြစ်ရာ နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် လက်ဆင့်ကမ်း တာဝန်ယူရာတွင် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

ယင်းသည် မျိုးဆက်များအကြား မျှဝေခြင်း၊ အခွင့်အလမ်းဖွင့်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွှဲပြောင်းပေးခြင်းပင် ဖြစ်ပါသည်။ လူငယ်များသည် ကမ္ဘာကြီး သို့မဟုတ် လူမှုပတ်ဝန်းကျင်အား ပိုမိုကောင်းမွန်သော နေရာအဖြစ် ပြောင်းလဲနိုင်သည့် စွမ်းအားများ ပိုင်ဆိုင်ထားကြရာ ထိုစွမ်းအားများကို ပြုစုပျိုးထောင်ခြင်းအပြင် အခွင့်အလမ်းဖွင့်ပေးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများ မြင့်မားနေသည့်အချိန်တွင် မျိုးဆက်များအကြား ဟန်ချက်ညီ ပူးပေါင်းလုပ်ဆောင်ရေးမှာ ပိုမိုလိုအပ်လျက်ရှိပါသည်။ မျိုးဆက်များအကြား ပူးပေါင်းလုပ်ဆောင်မှုအားနည်း၍ မျိုးဆက်ခါးဆက်ပြတ်သွားပါက နိုင်ငံအပေါ် ရေရှည်ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ ထို့ပြင် မျိုးဆက်များ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက်လည်း အခက်အခဲများ ကြုံတွေ့လာနိုင်ပါသည်။ ပြည်တွင်း၊ ပြည်ပ ဦးနှောက်ယိုစီးမှုများကြောင့် နိုင်ငံအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးနေကြရပါသည်။

သို့ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာအတွက်ဖြစ်စေ၊ နိုင်ငံအလိုက်အတွက်ဖြစ်စေ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ယင်းစီမံကိန်းများနှင့် ဟန်ချက်ညီသော လူငယ်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ စီမံကိန်းများနှင့် ထိရောက်သော အကောင်အထည်ဖော်မှုများ လိုအပ်သည့်အပြင် မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ်တို့အကြား ညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်မှုလည်း လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ စဉ်ဆက်မပြတ် တိုးတက်မှုကို မျှော်မှန်းနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား**


၁။ https://countrymeters.info/en/World

၂။ https://www.un.org/development/desa/dspd/2022/07/iyd-6/

၃။ International Youth Day, 12 August 2019၊ United Nations | Department of Economic and Social Affairs | Population Division

၄။ လူငယ်ရေးရာမူဝါဒ (၂၀၁၇၊ နိုဝင်ဘာလ)

၅။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။**



ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ဩဇီ့ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)နှင့် အသံမစဲမေတ္တာပို့အောင်ပွဲ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက မေတ္တာအခါတော်နေ့ မေတ္တာသုတ်ပါဠိတော်များကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ စတင်၍ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ပန်းစေတီများကို ပင့်ဆောင်လျက် ရင်ပြင်တော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး စေတီတော်ရင်ပြင် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရားနှင့် အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန်၊ ကောဏာဂုမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားများအား ပန်းစေတီများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဩဇီ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများက ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ရွှေတိဂုံစေတီတော်ရောင်တော်ဖွင့် တန်ဆောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာ သာသနသမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာသဘင်အခမ်းအနားနှင့် သက်လွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဂေါပကရုံးရှိ အာရုံခံတန်ဆောင်း အပေါ်ထပ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက နတ်ပြဟ္မာများ ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်း မေတ္တာသုတ်အမွှန်းကို ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာသုတ် ပါဠိတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သက်လွှတ်ပွဲကို စေတီတော်ရင်ပြင်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက စေတီတော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ဇီဝိတဒါနအဖြစ် ငှက်များကို လွှတ်ပေးကြကြောင်း သတင်းရရှိသည်။

သတင်းနှင့် ဓာတ်ပုံ

ကိုကိုဇော်(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၅ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၈၀ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၀ | ၂၅၅၀ | ၂၇၂၀ |
| 95 Ron | ၂၃၁၀ | ၂၃၆၀ | ၂၃၅၅ | ၂၃၂၀ | ၂၃၅၅ | ၂၃၈၀ | ၂၃၆၅ | ၂၃၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၉၅ | ၂၃၉၅ | ၂၆၁၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၅၅၀ | ၂၅၉၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၉၅ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၉၅ | ၂၆၉၀ | ၂၅၉၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၅ | ၂၆၃၅ | ၂၈၅၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၃၁၂၀ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၀ | ၂၇၆၅ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၁၀ | ၂၉၂၅ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၂ | ၂၂၁၈ |
| 95 Ron | ၂၂၀၃ | ၂၂၈၁ |
| HSD (500 ppm) | ၂၄၃၆ | ၂၅၁၅ |
| HSD (50 ppm) | ၂၅၀၇ | ၂၅၈၇ |
| HSD (10 ppm) | ၂၅၀၇ | ၂၅၈၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် မိသားစုနှင့်အတူ နွေရာသီအပန်းဖြေရန် တောင်ကာရိုလိုင်းနားသို့ ထွက်ခွာ

ဝါရှင်တန် ဩဂုတ် ၁၁

နွေရာသီအားလပ်ရက်အတွက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ၎င်း၏မိသားစုနှင့်အတူ ဩဂုတ် ၁၀ ရက်က တောင်ကာရိုလိုင်းနား ကီယာဝါ့ဟ်ကျွန်းသို့ သွားရောက်ခဲ့သည်။

ဘိုင်ဒင်သည် အတ္တလန္တိတ်ကမ်းခြေပေါ်ရှိ အဆိုပါကျွန်းတွင် အနည်းဆုံး ရက်သတ္တတစ်ပတ်ခန့် နေမည်ဖြစ်ကြောင်း သိရသည်။

အိမ်ဖြူတော်မှ ထွက်ခွာခြင်းမပြုမီ ဘိုင်ဒင်သည် အဆိပ်သင့်စေသော ဓာတုပစ္စည်းဖြင့် တိုက်ခိုက်ခံခဲ့ရသောကြောင့် အနားယူခဲ့ရသည့် စစ်ပြန်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အကျိုးခံစားခွင့်ကို တိုးမြှင့်ပေးရန် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။



အမေရိကန်သမ္မတနှင့် သူ့မိသားစုကို တွေ့ရစဉ်။

အမေရိကန်သမ္မတနှင့် မိသားစုများသည် ခေတ်အဆက်ဆက် နွေရာသီရောက်တိုင်း အပန်းဖြေအနားယူလေ့ရှိသည်။

ဆင်ဟွာ

# တူနီးရှားကမ်းလွန်လှေတိမ်းမှောက်မှုကြောင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ရှစ်ဦးသေဆုံး

ကျူးနစ် ဩဂုတ် ၁၁

တူနီးရှားအရှေ့တောင်ကမ်းရိုးတန်းအနီး ကာခီနာ့ကျွန်း ကမ်းလွန်ပင်လယ်ပြင်တွင် ဩဂုတ် ၁၀ ရက်က ရွှေ့ပြောင်းအခြေချသူ ၃၀ တင်ဆောင်လာသော လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကျူးနစ်အာဖရိစ်ပရက်စ် (တက်ပ်) က သတင်းဖော်ပြခဲ့သည်။

ဩဂုတ် ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့များက သေဆုံးသူနှစ်ဦး၏ ရုပ်အလောင်းများကို ကာခီနာ့ကမ်းရိုးတန်းကမ်းလွန်တွင် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် လှေမှောက်သေဆုံးသူ ရှစ်ဦးအထိ တိုးလာခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

လှေမှောက်မှုဖြစ်စဉ်တွင် ယခုအချိန်အထိ လူ ၂၀ ကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ကျန်ရှိပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သတင်းဖော်ပြချက်အရ သိရသည်။

မြေထဲပင်လယ် အလယ်ပိုင်းတွင်ရှိသည့် တူနီးရှားနိုင်ငံသည် ရွှေ့ပြောင်းအခြေချသူများအတွက် ထင်ရှားကျော်ကြားသော ခရီးတစ်ထောက်နားရာ နေရာတစ်ခုဖြစ်သည်။

တူနီးရှားအာဏာပိုင်များက အဆိုပါပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် တင်းကျပ်သောဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိသော်လည်း တူနီးရှားမှ အီတလီသို့ တရားမဝင်သွားရောက်သူဦးရေမှာ တစ်နေ့တခြား များပြားလျက်ရှိသည်။

ဆင်ဟွာ

# ဆီးရီးယားတောင်ပိုင်း စစ်ဆင်ရေးအတွင်း အိုင်အက်စ်ခေါင်းဆောင် ဗုံးဖောက်ခွဲအဆုံးစီရင်

ဒမတ်စကတ် ဩဂုတ် ၁၁

အဆင့်မြင့်အိုင်အက်စ်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အဘူဆာလမ် အယ်လ်အီရတ်ကီသည် ဩဂုတ် ၁၀ ရက်က ဆီးရီးယားနိုင်ငံ ဒါရာပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်သော ဆီးရီးယားစစ်ဆင်ရေးအတွင်း သူ့ကိုယ်သူ အသေခံဗုံးဖောက်ခွဲခဲ့ကြောင်း နိုင်ငံပိုင် ဆာနား သတင်းအေဂျင်စီတွင် ဩဂုတ် ၁၁ ရက်က ဖော်ပြသည်။

လုံခြုံရေး သတင်းရင်းမြစ်များကို ကိုးကား၍ ဆာနားသတင်းအေဂျင်စီက ဆီးရီးယားလုံခြုံရေးတပ်ဖွဲ့များက ဒါရာအနောက်ပိုင်း အက်ဒွမ်မြို့ရှိ နေအိမ်ကို ဝန်းရံထားစဉ် အိုင်အက်စ်ခေါင်းဆောင်သည် သူ့ကိုယ်သူ အသေခံဗုံးဖောက်ခွဲခဲ့ကြောင်း ဖော်ပြသည်။

သူ့ကိုယ်သူအသေခံဗုံးဖောက်ခွဲခြင်းမပြုမီ အိုင်အက်စ်ခေါင်းဆောင်သည် သေနတ်ဒဏ်ရာအတော်များများ ရရှိထားကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

အသေခံဗုံးဖောက်ခွဲမှုကြောင့် အရပ်သားခေါစာခံ တစ်ဦးနှင့် အဝိုင်းခံထားရစဉ် ကြားထဲမှ ညှိနှိုင်းပေးသူတစ်ဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။ ဒမတ်စကတ်တောင်ပိုင်းရှိ ရာမောက်အိုင်အက်စ်စခန်း ရှုံးနိမ့်ပြီးနောက် အီရတ်လူမျိုး အယ်လ်အီရတ်ကီသည် ဒါရာသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။



အသေခံဗုံးဖောက်ခွဲမှုတွင် အသုံးပြုခဲ့သော ဖောက်ခွဲရေးပစ္စည်းများနှင့် သေဆုံးသူများကို တွေ့ရစဉ်။

ဆင်ဟွာ

# ကနေဒါနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံသူ ၁၀၀၀ ကျော်ရှိလာ

အော့တဝါ ဩဂုတ် ၁၁

ကနေဒါနိုင်ငံအတွင်း ဩဂုတ် ၁၀ ရက်အထိ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၁၀၀၈ ဦးရှိလာပြီဖြစ်ကြောင်း ကနေဒါပြည်သူ့ကျန်းမာရေးအေဂျင်စီ (PHAC) က အတည်ပြုပြောကြားသည်။

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများမှာ အွန်တေးရီးယိုပြည်နယ်တွင် ၄၇၈ ဦး၊ ကွီးဘက်ပြည်နယ်တွင် ၄၂၅ ဦး၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၈၅ ဦး၊ အယ်လ်ဘာတာပြည်နယ်တွင် ၁၆ ဦးနှင့် ဆက်စကက်ချီဝမ်ပြည်နယ်နှင့် ယုကွန်နယ်မြေတို့တွင် နှစ်ဦးစီတို့ဖြစ်ကြသည်။ ကနေဒါနိုင်ငံ ပြည်နယ်နှင့် နယ်မြေများသို့ Imvamune ကာကွယ်ဆေးအလုံးရေ ၈၀၀၀၀ ကျော်ကို ပြည်သူ့ကျန်းမာရေးအေဂျင်စီက ဖြန့်ဝေပေးထားကြောင်း သိရသည်။

မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီး ရောဂါကူးစက်ခံရသူနှင့် ပွေ့ဖက်ခြင်း၊ နမ်းခြင်း၊ နှိပ်နယ်ပေးခြင်း သို့မဟုတ် လိင်ဆက်ဆံခြင်း အပါအဝင် တစ်ဦးမှ တစ်ဦးသို့ အနီးကပ်ထိတွေ့ခြင်းမှတစ်ဆင့် ရောဂါကူးစက်နိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၄ နာရီအတွင်း ၁၆၂၉၉ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဩဂုတ် ၁၁

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၂၉၉ ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၄၂၀၆၉၉၆ ဦးရှိလာပြီကြောင်း ဩဂုတ် ၁၁ ရက်တွင် အာဏာပိုင်များက ပြောကြားသည်။ ဩဂုတ် ၁၀ ရက်က ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်း ၁၆၀၄၇ ဦးနှင့် နှိုင်းယှဉ်ကြည့်ပါက ယနေ့တွင် ကူးစက်မှုတိုးလာကြောင်း၊ ယနေ့ အတည်ပြုခဲ့သော ကိုဗစ်-၁၉ ကူးစက်မှုနှင့်အတူ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၅၀၇၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၃ ဦးရှိရာ ရောဂါစတင်ကူးစက်ဖြစ်ပွားသည့်အချိန်မှစကာ ယနေ့အထိ သေဆုံးသူစုစုပေါင်း ၅၂၆၈၇၉ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ ၁၉၄၃၁ ဦးရှိရာ ဆေးရုံဆင်းခွင့်ရသူ စုစုပေါင်း ၄၃၅၅၅၀၄၁ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

# ယီမင်နိုင်ငံ ဆာနားမြို့ဟောင်း၌ မိုးသည်းထန်စွာရွာသွန်း ကမ္ဘာ့အမွေအနှစ် အဆောက်အအုံငါးလုံး အပါအဝင် နေရာ ၄၀ ပျက်စီး

ဆာနား ဩဂုတ် ၁၁

ယီမင်တွင် မိုးသည်းစွာရွာသွန်းမှုကြောင့် အဆောက်အအုံ ငါးလုံးပျက်စီးခဲ့ပြီး ဆာနားမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ် နေရာ ၄၀ ပျက်စီးခဲ့ကြောင်း ဟူသီရုပ်သံလိုင်းတစ်ခုက ဩဂုတ် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိသားစုဝင်များ နေထိုင်သော သီးသန့်အဆောက်အအုံဖြစ်သည့် သမိုင်းဝင်မျှော်စင်အဆောက်အအုံအတွင်း သေဆုံးသူ မရှိကြောင်း သိရသည်။




အဖြူရောင်အင်္ဂတေနှင့် မှန်ရောင်ခြယ် ပြတင်းပေါက်များ၊ ဂျီဩမေတြီပုံစံများဖြင့် အလှဆင်ထားသည့် ရွှံ့အုတ်မျှော်စင်အိမ် ၆၀၀၀ ကျော်ကို ၁၁ ရာစုမတိုင်မီက တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နှစ်ပေါင်း ၂၅၀၀ ကျော် တည်ရှိခဲ့သည့် ဆာနားမြို့ဟောင်းကို ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ထည့်သွင်းခဲ့ကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပွားပြီးနောက် ၂၀၁၅ ခုနှစ်တွင် အန္တရာယ်ရှိသည့် ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ်သို့ ထည့်သွင်းခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့တစ်စိတ်တစ်ပိုင်းဆိုတဲ့ အမှန်တရားနဲ့ ကမ္ဘာ့နိုင်ငံများက ဝိုင်းဝန်းထောက်ပံ့ပေးသင့်တဲ့ တရုတ်အစိုးရရဲ့နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှု

ထက်မြတ်

**ထိုင်ဝမ်ကျွန်းဆိုတာ ပစိဖိတ်သမုဒ္ဒရာအနောက်မြောက်ပိုင်း အရှေ့ပင်လယ်နဲ့ တောင်တရုတ်ပင်လယ်တို့ဆုံရာနေရာမှာရှိတဲ့ ကျွန်းတစ်ကျွန်းဖြစ်ပါတယ်။ သူ့ကို အရင်တုန်းက ဖော်မိုဆာကျွန်းဆိုပြီး ခေါ်ခဲ့ပါသေးတယ်။**

ဖော်မိုဆာကျွန်းဆိုတာ ကျွန်တော်တို့မြန်မာတွေနားနဲ့ အစိမ်းသက်သက် မဟုတ်ပါဘူး။ မြန်မာနိုင်ငံလွတ်လပ်ရေး မရခင်တုန်းက ရဲဘော်သုံးကျိပ်ဟာ အဲဒီအချိန်တုန်းက ဂျပန်လက်အောက်မှာရှိတဲ့ ဖော်မိုဆာကျွန်းကိုသွားပြီး စစ်ပညာသင်ယူလေ့ကျင့်ခဲ့တဲ့ နေရာလည်း ဖြစ်ပါတယ်။

ယနေ့အချိန်မှာတော့ ထိုင်ဝမ်ကျွန်းဟာ အင်အားကြီးထွားလာတဲ့ တရုတ်နိုင်ငံကို ထိန်းချုပ်ဖို့ကြိုးပမ်းနေတဲ့ အနောက်အုပ်စုရဲ့ ကြားခံစစ်တလင်းအဖြစ်ကို မသိမသာရောက်ရှိလာပါပြီ။ ဘာကြောင့်ပါလဲ။

ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ ဖဲ့ထုတ်မရနိုင်တဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံကအခိုင်အမာပြောထားသလို ထိုင်ဝမ်ကျွန်းကလည်း သူတို့ဟာ လွတ်လပ်တဲ့နိုင်ငံဖြစ်ကြောင်း နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုကို ရယူနိုင်ရေးကြိုးပမ်းပြီး တရုတ်ပြည်မကြီးကနေ ခွဲထွက်လိုနေတဲ့အတွက် ဖြစ်ပါတယ်။

ဒီအချိန်မှာ နိုင်ငံတော်စည်းလုံးညီညွတ်မှုပြိုကွဲရင် ပြန်လည်ပေါင်းစည်းရေးလုပ်ပေးမယ့်အစား သူတို့ရဲ့အကျိုးစီးပွားအတွက် အသုံးချဖို့ အသင့်စောင့်နေကြတဲ့ အနောက်အုပ်စုမှ အင်အားကြီးနိုင်ငံများကလည်း အဆင်သင့်ပါပဲ။ နွားကွဲရင် ကျားဆွဲမယ်ဆိုတဲ့ စကားပုံအတိုင်းပေါ့။

ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီက ထိုင်ဝမ်ပုစ္ဆာကိုဖြေရှင်းပြီး အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို ယနေ့အချိန်အထိတိုင် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ဒီအတွက်လည်း တရုတ်အစိုးရအဆက်ဆက်က ထိုင်ဝမ်ကျွန်းအရေးနဲ့ ပတ်သက်ပြီး စက္ကူဖြူစာတမ်းလို့ခေါ်တဲ့ မူဝါဒ သဘောထားစာတမ်းသုံးစောင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

ပထမအကြိမ်က ၁၉၉၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပြီး ဒုတိယအကြိမ်က ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ဖြစ်ပါတယ်။ အခု နောက်ဆုံးတတိယအကြိမ်ကိုတော့ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၀ ရက်မှာ ထုတ်ပြန်လိုက်တာပါ။

ကျွန်တော့်အနေနဲ့ အခုနောက်ဆုံး ထုတ်ပြန်တဲ့ တရုတ်အစိုးရရဲ့ ထိုင်ဝမ်ကျွန်းအရေး စက္ကူဖြူစာတမ်းမှာ ဘာတွေ ဖော်ပြထားတယ်။ ဘယ်လို သဘောတရားတွေ ပါဝင်တယ်ဆိုတာကို အကျဉ်းချုပ် သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

အခုစာတမ်းရဲ့ ခေါင်းစဉ်ကိုတော့ ခေတ်သစ်ကာလထိုင်ဝမ်ပုစ္ဆာနဲ့ တရုတ်နိုင်ငံရဲ့ ပြန်လည်ပေါင်းစည်းရေးလို့ အမည်ပေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီထိုင်ဝမ်ရေးရာရုံးနဲ့ နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံးတို့က ထုတ်ပြန်ထားတာပါ။




ဒီစာတမ်းမှာ နိဒါန်း၊ အခန်း ငါးခန်းနဲ့ နိဂုံးဆိုပြီး ပါဝင်ပါတယ်။

အခန်းငါးခန်းရဲ့ ခေါင်းစဉ်တွေကို ပြောရရင် (၁) ထိုင်ဝမ်က တရုတ်နိုင်ငံရဲ့တစ်စိတ်တစ်ပိုင်းဆိုတာ မငြင်းနိုင်တဲ့ အမှန်တရား၊ (၂) တရုတ်နိုင်ငံရဲ့အပြည့်အဝ ပြန်လည်ပေါင်းစည်းရေးကို သိရှိစေဖို့ CPC ရဲ့ ခိုင်မာတဲ့ကြိုးပမ်းအားထုတ်မှု၊ (၃) တရုတ်နိုင်ငံရဲ့အပြည့်အဝပြန်လည်ပေါင်းစည်းရေးဆိုတာ ဘယ်သူမှရပ်တန့်ခြင်းငှာ မစွမ်းသာတဲ့ လုပ်ငန်းစဉ်တစ်ခု၊ (၄)ခေတ်သစ်ကာလ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ (၅) ငြိမ်းချမ်းစွာ ပြန်လည် ပေါင်းစည်းရေးအတွက် လင်းလက်တောက်ပနေတဲ့ အလားအလာတို့ပဲဖြစ်ပါတယ်။

## နိဒါန်း

ထိုင်ဝမ်ပုစ္ဆာကိုဖြေရှင်းခြင်းနဲ့ တရုတ်နိုင်ငံရဲ့အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို နားလည်သိရှိခြင်းဆိုတာ တရုတ်နိုင်ငံတော်ကြီးရှိ သားသမီးများအားလုံးရဲ့ တူညီပြင်းပြတဲ့ ရည်မှန်းချက်ဆန္ဒဖြစ်ပါတယ်။ ဒါဟာ တရုတ်နိုင်ငံရဲ့ သွေးသစ်လောင်းမှုကို နားလည်သဘောပေါက်သိရှိစေရေးအတွက် မရှိမဖြစ်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် တရုတ်ကွန်မြူနစ်ပါတီ (CPC) ရဲ့ သမိုင်းပေးတာဝန်ကြီးတစ်ရပ်လည်းဖြစ်သလို ဒီရည်မှန်းချက်ကို ရရှိအောင်မြင်စေရေးအတွက် CPC၊ တရုတ်အစိုးရနဲ့ တရုတ်ပြည်သူများအားလုံးက ဆယ်စုနှစ်ပေါင်းများစွာကြာ အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပါတယ်ဆိုပြီး စက္ကူဖြူစာတမ်းရဲ့နိဒါန်းအနေနဲ့ဖော်ပြထားတာကိုတွေ့ရပါတယ်။

၂၀၁၂ ခုနှစ်မှာကျင်းပတဲ့ (၁၈) ကြိမ်မြောက် အမျိုးသားညီလာခံက တရုတ်မူ တရုတ်ဟန်ဖြင့် ဆိုရှယ်လစ်စနစ်ကို ထူထောင်ရာမှာ ခေတ်သစ်ကာလတစ်ခုကို ရောက်ရှိပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ရှီကျင့်ဖျင်ကိုမဏ္ဍိုင်ပြုကာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီရဲ့ ခိုင်မာတဲ့ခေါင်းဆောင်မှုအောက်မှာ CPC နဲ့ တရုတ်အစိုးရတို့က ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး တီထွင်ဆန်းသစ်တဲ့ နည်းလမ်းအသစ်တွေကို ဖော်ထုတ်ခဲ့ပါတယ်။ သူတို့က ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး၊ ထိုင်ဝမ်ရေလက်ကြားတစ်လျှောက် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ရေး၊ နိုင်ငံတော် ပြန်လည်ပေါင်းစည်းရေးဆီသို့ တိုးမြှင့်ရေးတို့အတွက် လျှောက်ရမယ့် လမ်းကြောင်းကိုလည်း ဆက်လက်ရေးဆွဲခဲ့ပါတယ်။

ဒါပေမယ့်မကြာသေးမီနှစ်များအတွင်းက ဒီမိုကရက်တစ်တိုးတက်သော ပါတီ (DPP) ဦးဆောင်တဲ့ ထိုင်ဝမ်တာဝန်ရှိသူများဟာ နိုင်ငံကို နှစ်ခြမ်းကွဲစေရေးအတွက် ပိုမိုအားစိုက်လုပ်ဆောင်လာတဲ့အပြင် တချို့သော ပြင်ပအင်အားစုများကလည်း တရုတ်နိုင်ငံကိုထိန်းချုပ်နိုင်ရေးအတွက် ထိုင်ဝမ်ကိုအသုံးချဖို့ ကြိုးပမ်းလာကာ တရုတ်နိုင်ငံအနေနဲ့ အပြည့်အဝပြန်လည်ပေါင်းစည်းရေးကို မရရှိစေဖို့ ဟန့်တားပြီး နိုင်ငံတော်သွေးသစ်လောင်းမှုလုပ်ငန်းစဉ်ကိုလည်း ရပ်ဆိုင်းစေခဲ့ပြန်ပါတယ်။

တရုတ်အစိုးရအနေနဲ့ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး စက္ကူဖြူစာတမ်းနှစ်စောင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကာ အဲဒီနှစ်စောင်စလုံးက ထိုင်ဝမ်ပုစ္ဆာကိုဖြေရှင်းမှုနဲ့ပတ်သက်ပြီး အခြေခံသဘောတရားတွေ၊ မူဝါဒတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အသေးစိတ်ကျကျ ဖော်ပြခဲ့ပါတယ်။

အခုထုတ်ပြန်တဲ့ စာတမ်းကတော့ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်းကို ထပ်လောင်းပြောဆိုဖို့၊ CPC နဲ့ တရုတ်ပြည်သူများက နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် သူတို့ပေးထားတဲ့ ကတိအပေါ် ဖြေရှင်းမှုကိုဖော်ညွှန်းဖို့နဲ့ ခေတ်သစ်ကာလမှာ CPC နဲ့ တရုတ်အစိုးရတို့ရဲ့ ရပ်တည်ချက်နဲ့မူဝါဒများကို အလေးပေး ပြောဆိုဖို့အတွက် ဖြစ်ပါတယ်။

## ထိုင်ဝမ်က တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဆိုတာ မငြင်းနိုင်တဲ့အမှန်တရား

ထိုင်ဝမ်ကျွန်းဆိုတာ ရှေးတုန်းကတည်းက တရုတ်နိုင်ငံပိုင် နယ်နိမိတ်ဖြစ်ပါတယ်။ ဒီအကြောင်းကို ပြောရမယ်ဆိုရင် သမိုင်းကြောင်းနဲ့ ဥပဒေနည်းလမ်းတို့အရ ပြောရပါလိမ့်မယ်။

ဆွေမင်းဆက်တုန်းက တော်ဝင်ခုံရုံးဟာ အဲဒီအချိန်တုန်းက လူချူလို့ခေါ်တဲ့ ယနေ့ထိုင်ဝမ်ကျွန်းကို စစ်သည်တွေ စေလွှတ်ခဲ့ပါတယ်။ ဆုန်မင်းဆက်နဲ့ ယွမ်မင်းဆက်တို့ခေတ်မှာတော့ တရုတ်အင်ပါယာအစိုးရများက ဖန်းဟူနဲ့ထိုင်ဝမ်ကျွန်းတို့မှာ တရားစီရင်ရေးကိုကျင့်သုံးနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့တွေကို စေလွှတ်ခဲ့ပါတယ်။

၁၆၂၄ ခုနှစ်မှာ ဒတ်(ချ်)လူမျိုးများက ထိုင်ဝမ်ကျွန်းတောင်ပိုင်းကို ကျူးကျော်သိမ်းပိုက်ခဲ့ပေမယ့် ၁၆၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီး ကျန်းချန်းကောင်းက သူရဲကောင်းတစ်ယောက်အနေနဲ့ နယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ပါတယ်။ ၁၆၈၄ ခုနှစ်မှာ ထိုင်ဝမ်ကျွန်းဟာ ဖူကျန်းပြည်နယ် လက်အောက်မှာရှိတဲ့ စီရင်စုတစ်ခုသာဖြစ်ခဲ့ပေမယ့် ၁၈၈၅ ခုနှစ်မှာတော့ တရုတ်နိုင်ငံရဲ့ အခု ၂၀ မြောက် ပြည်နယ်အဖြစ်ကို တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။

၁၈၉၄ ခုနှစ်မှာ ဂျပန်တို့က တရုတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီး ၁၈၉၅ ခုနှစ်မှာ စစ်ရှုံးတဲ့ ချင်မင်းဆက်က ဖန်းဟူနဲ့ ထိုင်ဝမ်ကျွန်းတို့ကို ဂျပန်တို့လက်အပ်လိုက်ရပါတယ်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာတော့ တရုတ်၊ အမေရိကန်နဲ့ ဗြိတိန်တို့က သုံးနိုင်ငံမဟာမိတ်ဖွဲ့ပြီး တရုတ်နိုင်ငံဆီကနေ ဂျပန်တို့ ခိုးယူထားတဲ့ နယ်မြေများအားလုံး ပြန်လည်သိမ်းပိုက်ဖို့အတွက်ရည်ရွယ်ကာ ကိုင်ရိုကြေညာချက်ကိုထုတ်ပြန်ခဲ့ပါတယ်။

၁၉၄၅ ခုနှစ် စက်တင်ဘာလမှာ ဂျပန်ကစစ်ရှုံးကြောင်း ကြေညာချက်ကို လက်မှတ်ထိုးပြီး တစ်ဆက်တည်းမှာပဲ မဟာမိတ်သုံးနိုင်ငံနဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ သဘောတူအတည်ပြုထားတဲ့ ကြေညာချက်တွေကို အပြည့်အဝလိုက်နာ သွားမယ်လို့ကတိပေးတာကြောင့် အောက်တိုဘာ ၂၅ ရက်မှာ တရုတ်အစိုးရက ထိုင်ဝမ်ကျွန်းအပေါ် အုပ်ချုပ်ရေးအာဏာကို ပြန်လည်ကျင့်သုံးနိုင်ခဲ့ပါတယ်။

ဒါကြောင့် သဘောသဘာဝအရ ပြောရမယ်ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ထိုင်ဝမ်ကျွန်းအပါအဝင် တရုတ်တစ်နိုင်ငံလုံးရဲ့ အချုပ်အခြာအာဏာကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိပါတယ်။

၁၉၄၀ ပြည့်နှစ် အလွန်ကာလမှာ တရုတ်ပြည်တွင်းစစ်ဖြစ်ပွားမှုနဲ့ ပြင်ပအင်အားစုတွေရဲ့ ကြားဝင်စွက်ဖက်မှုကြောင့် ထိုင်ဝမ်ရေလက်ကြားရဲ့ဟိုဘက်၊ ဒီဘက်မှာရှိတဲ့နှစ်ဖက်စလုံးက ရေရှည်နိုင်ငံရေးထိပ်တိုက်ရင်ဆိုင်မှုဆိုတဲ့ အခြေအနေတစ်ခုဆီကို ကျဆင်းသွားရပါတယ်။ ဒါပေမယ့်လည်း တရုတ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေကတော့ ဘယ်တုန်းကမှ ခွဲထွက်သွားရတာမရှိသလို ခွဲထွက်လာမှုကိုလည်း ဘယ်တော့မှခွင့်ပြုသွားမှာမဟုတ်ပါဘူး။

၁၉၇၁ ခုနှစ်မှာကျင်းပတဲ့ (၂၆) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ မှာဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အစိုးရကိုသာ ကုလသမဂ္ဂမှာကိုယ်စားလှယ်ထားခွင့်ပေးပြီး ချန်ကေရှိတ်တို့ရဲ့ကိုယ်စားလှယ်အဖွဲ့ကိုတော့ ကုလသမဂ္ဂကနေ နှင်ထုတ်ကြောင်း ဖော်ပြထားပါတယ်။ ဒ့ါအပြင် ထိုင်ဝမ်ကျွန်းပါဝင်တဲ့ တရုတ်နိုင်ငံသည် တစ်နိုင်ငံတည်းသာရှိပြီး တရုတ်နိုင်ငံ နှစ်နိုင်ငံမရှိကြောင်း၊ ဒါမှမဟုတ် တရုတ်တစ်နိုင်ငံ၊ ထိုင်ဝမ်တစ်နိုင်ငံဟူ၍ မရှိကြောင်းကိုလည်း အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ကုလသမဂ္ဂက ထိုင်ဝမ်ကိုလည်း တရုတ်နိုင်ငံရဲ့ ပြည်နယ်တစ်ခုအဖြစ်နဲ့သာ သတ်မှတ်ရည်ညွှန်းခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံသဘောတရားဟာ တစ်ကမ္ဘာလုံး အတိုင်းအတာအနေနဲ့ လက်ခံထားတဲ့ အမှန်တရားဖြစ်ပြီး ဒီကနေ့အချိန်အထိ အဲဒီအခြေခံသဘောတရားကိုလက်ခံကာ တရုတ်နိုင်ငံနဲ့ တရားဝင်သံတမန် ဆက်ဆံရေးထူထောင်ထားတဲ့နိုင်ငံစုစုပေါင်းက အမေရိကန်အပါအဝင် ၁၈၁ နိုင်ငံရှိပါတယ်။ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမှာထုတ်ပြန်တဲ့ တရုတ်-အမေရိကန်တရားဝင်သံတမန်ဆက်ဆံရေးထူထောင်မှုပူးတွဲသဘောတူကြေညာချက်မှာဆိုရင်လည်း "တရုတ်နိုင်ငံဆိုတာ တစ်နိုင်ငံတည်းသာရှိပြီး ထိုင်ဝမ်ဆိုတာ တရုတ်နိုင်ငံရဲ့အစိတ်အပိုင်းဖြစ်တယ်ဆိုတဲ့ အချက်ကို အမေရိကန်ပြည်ထောင်စု အစိုးရက အသိအမှတ်ပြုကြောင်းနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အစိုးရကိုသာ တရုတ်နိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရအဖြစ် သတ်မှတ်ကြောင်း" ဖော်ပြထားပါသေးတယ်။

တရုတ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ခွဲထွက်ခွင့်တားမြစ်ဥပဒေ၊ အမျိုးသား လုံခြုံရေးဥပဒေတို့မှာလည်း ထိုင်ဝမ်ကျွန်းဟာ တရုတ်နိုင်ငံရဲ့ လက်အောက်မှာသာရှိကြောင်း ဖော်ပြထားပါတယ်။

ဒီအတွက်ကြောင့် သမိုင်းကြောင်းအရပဲပြောမလား၊ တရားဥပဒေအရပဲဆိုမလား ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာကတော့ မငြင်းနိုင်တဲ့အမှန်တရားပဲ ဖြစ်ပါတယ်။ ထိုင်ဝမ်ကျွန်းဆိုတာ ဘယ်တုန်းကမှ နိုင်ငံတစ်နိုင်ငံ မဖြစ်ခဲ့သလို တရုတ်နိုင်ငံရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတဲ့အချက်ကိုလည်း ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ တကယ်လို့များ ဒီအမှန်တရားကို ပုံပျက်အောင်လုပ်မယ် ဒါမှမဟုတ် တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံ သဘောတရားကို ငြင်းပယ်မယ်ဆိုရင် အဲဒီလိုလုပ်ဖို့ ကြိုးစားမှုတွေအားလုံးဟာ နောက်ဆုံးမှာအရှုံးနဲ့သာ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၅ သို့*

*စာမျက်နှာ ၁၄ မှ*

### တရုတ်နိုင်ငံရဲ့ အပြည့်အဝ ပြန်လည်ပေါင်းစည်းရေးကို သိရှိစေဖို့ CPC ရဲ့ ခိုင်မာတဲ့ကြိုးပမ်းအားထုတ်မှု

တရုတ်ကွန်မြူနစ်ပါတီက တရုတ်ပြည်သူလူထုတစ်ရပ်လုံး ကောင်းစားရေးနဲ့ နိုင်ငံတော်ကို သွေးသစ်လောင်းရေးအတွက်အမြဲတမ်းကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီစတင်တည်ထောင်ပြီးတဲ့ ၁၉၂၁ ခုနှစ်ကစပြီး CPC ဟာ ထိုင်ဝမ်ကျွန်းကို နယ်ချဲ့ကိုလိုနီလက်အောက်က လွတ်မြောက်ရေး၊ ထိုင်ဝမ်ကျွန်းကို တရုတ်ပြည်မကြီးနဲ့ ပြန်လည်ပေါင်းစည်းရေးနဲ့ ထိုင်ဝမ်ကျွန်းရှိ တစ်နယ်တည်းသားများ အပါအဝင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝကနေ လွတ်မြောက်စေဖို့အတွက် ရည်မှန်းပြီး အားတက်သရော ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံကို ထူထောင်တဲ့ ၁၉၄၉ ခုနှစ်ပြီးနောက် မော်စီတုန်း ဦးဆောင်တဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ ထိုင်ဝမ်ပုစ္ဆာကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် အရေးကြီးတဲ့ လမ်းညွှန်ချက်တွေ အဆိုပြုခြင်း၊ အခြေခံသဘောတရားတွေ ချမှတ်ခြင်း၊ အခြေခံမူဝါဒ ချမှတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။ ဒီအတွက်ကြောင့် ထိုင်ဝမ်တာဝန်ရှိသူတွေက တရုတ်ပြည်မကြီးကို တိုက်ခိုက်မယ့် အစီအစဉ်ကို ရှောင်လွှဲနိုင်ခဲ့သလို တရုတ်နှစ်နိုင်ငံ ဒါမှမဟုတ် တရုတ်တစ်နိုင်ငံနဲ့ ထိုင်ဝမ်တစ်နိုင်ငံ ဖြစ်လာစေရေး ကြိုးပမ်းချက်များကို ဟန့်တားနိုင်ခဲ့ပါတယ်။ အကျိုးရလဒ်အနေနဲ့ကတော့ ကုလသမဂ္ဂမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုသာ တရားဝင်အသိအမှတ်ပြု နေရာပေးပြီး တရုတ်တစ်နိုင်ငံတည်းဆိုတဲ့ အခြေခံသဘောတရားကိုလည်း အင်အားကြီးနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုက အသိအမှတ်ပြုခဲ့တာ ဖြစ်ပါတယ်။

၁၉၇၈ ခုနှစ် တရုတ်နဲ့ အမေရိကန်ပြည်ထောင်စုတို့ကြား သံတမန်ဆက်ဆံရေး တရားဝင် ထူထောင်ပြီးနောက် တိန့်ရှောင်ဖိန်ဦးဆောင်တဲ့ တရုတ်ကွန်မြူနစ်ပါတီဟာ ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် အခြေခံလမ်းညွှန်ချက်ကိုချမှတ်ကာ အဲဒီအချိန်တုန်းက ဆန်းသစ်မှုရှိတဲ့ စိတ်ကူးတစ်ခုကိုလည်း ထုတ်ဖော် မိတ်ဆက်ခဲ့ပါသေးတယ်။ အဲဒီစိတ်ကူးကတော့ တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုး ဖြစ်ပါတယ်။ အဲဒီစိတ်ကူးအတိုင်းပဲ ဟောင်ကောင်နဲ့ မကာအိုအရေးကိစ္စတွေကို အောင်မြင်စွာဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြီးတဲ့နောက် ထိုင်ဝမ်ရေလက်ကြားမှာ စစ်ရေးအရထိပ်တိုက်တွေ့ဆုံမှုကို လျှော့ချနိုင်ရေးအတွက် ထိုင်ဝမ်နဲ့ ဆက်သွယ်မှု ပြန်ယူခြင်း၊ ပြည်သူအချင်းချင်း ကူးလူးဖလှယ်ကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးအတွက် အခန်းကဏ္ဍအသစ်ကို ဖွင့်လှစ်ခြင်းတို့ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

၁၉၈၉ ခုနှစ် ကျန်ဇီမင်ဦးဆောင်တဲ့ တရုတ်ပြည်သူ့ ကွန်မြူနစ်ပါတီဗဟိုကော်မတီက ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးတိုးတက်စေရေးနဲ့ တရုတ်နိုင်ငံ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးတို့အတွက် အဆိုပြုချက်ရှစ်ချက်ကို တင်သွင်းခဲ့ပါတယ်။ အဲဒီနောက် နှစ်ဖက်အဖွဲ့မှ အရပ်ဘက် အဖွဲ့အစည်း ခေါင်းဆောင်များအကြား ဆွေးနွေးညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်မှုတွေရှိလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် လီတန်းဟွေ ဦးဆောင်တဲ့ ထိုင်ဝမ်ကျွန်း လွတ်လပ်ရေးလှုပ်ရှားမှုကိုတော့ ထိရောက်စွာတုံ့ပြန်ခဲ့ပါတယ်။

အလားတူဟူကျင်တောင်လက်ထက် တရုတ်ကွန်မြူနစ်ပါတီက ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေး ငြိမ်းချမ်းစွာ တိုးတက်မှုရဲ့ အရေးကြီးပုံကို ထောက်ပြခဲ့ပါတယ်။ ဒီအတွက် CPC နဲ့ ကူမင်တန်ပါတီတို့ကြားက ထိပ်ပိုင်းခေါင်းဆောင်တွေဟာ ဆယ်စုနှစ်ခြောက်ခုအတွင်း ပထမဆုံးအနေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကိုလည်း လုပ်ဆောင်နိုင်ခဲ့သလို လွတ်လပ်ရေးအတွက် ဥပဒေကြောင်းအရ လုပ်ဖောက်ခင်းတဲ့ ချန်ရွှေ့ဗျန်းရဲ့ လုပ်ဆောင်ချက်ကိုလည်း တားမြစ်နိုင်ခဲ့ပါတယ်။

လက်ရှိသမ္မတရှီကျင့်ဖျင်လက်ထက်မှာတော့ တရုတ်ကွန်မြူနစ်ပါတီက တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုး မူဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးအတွက် တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မှုအနေနဲ့ ရေလက်ကြားဖြတ်ကျော် ဆက်ဆံရေးခိုင်မာစေဖို့နဲ့ တရုတ်နိုင်ငံရဲ့ငြိမ်းချမ်းစွာ ပြန်လည် ပေါင်းစည်းရေးတို့အတွက် လမ်းကြောင်းခင်းနိုင်ဖို့ ဆောင်ရွက်ချက်အများအပြားကို လုပ်ဆောင်ခဲ့ပါသေးတယ်။ အဲဒီထဲမှာ ထိုင်ဝမ်ကျွန်းအပေါ် တရုတ်ပြည်မကြီးရဲ့ များပြားလှစွာသောကူညီပေးမှုတွေလည်းပါဝင်ပါတယ်။

> **“ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းသွားပြီဆိုရင်တော့ တရုတ်နဲ့ ဟောင်ကောင်ကြား၊ တရုတ်နဲ့ မကာအိုကြား ရရှိခဲ့တဲ့အပြန်အလှန် ဆက်ဆံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိုင်ဝမ်ကျွန်းအနေနဲ့ လက်ခံရရှိကာ အဲဒီကနေမှတစ်ဆင့် ဒေသတွင်းသာမက ကမ္ဘာ့ဒေသအသီးသီးမှာပါ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်ကို ခံစားနိုင်မှာဖြစ်”**

### တရုတ်နိုင်ငံရဲ့ အပြည့်အဝ ပြန်လည် ပေါင်းစည်းရေးဆိုတာ ဘယ်သူမှ ရပ်တန့်ခြင်းငှာမစွမ်းသာတဲ့ လုပ်ငန်းစဉ်တစ်ခု

တရုတ်ပြည်တွင်းရေး အခြေအနေနဲ့ နိုင်ငံတကာအခြေအနေများ ပြောင်းလဲမှုက တရုတ်အစိုးရရဲ့ အပြည့်အဝ ပြန်လည် ပေါင်းစည်းရေးလမ်းကြောင်းအပေါ် ကြီးစွာသော ခြိမ်းခြောက်မှုများ ကျရောက်လာစေပါတယ်။ ဒါပေမယ့် CPC နဲ့ တရုတ်အစိုးရတို့က ဒီလိုရှုပ်ထွေးလှတဲ့ အန္တရာယ်တွေကိုကျော်လွှားဖို့ ယုံကြည်ချက်နဲ့ ခွန်အားရှိတဲ့အပြင် နိုင်ငံတော် ပြန်လည် ပေါင်းစည်းရေးအတွက် လမ်းကြောင်းအပေါ်ကိုလည်း ရှေ့ဆက် လျှောက်လှမ်းသွားမှာ ဖြစ်ပါတယ်။

ဒီလို လျှောက်လှမ်းသွားဖို့အတွက် ရာမှာလည်း အကြောင်းအရာ လေးရပ်ကို ချမှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ နိုင်ငံတော်ကိုသွေးသစ်လောင်းခြင်းအတွက် အပြည့်အဝ ပြန်လည် ပေါင်းစည်းရေးက အရေးကြီးတယ်ဆိုတဲ့ အကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးက ရေလက်ကြားဖြတ်ကျော် ဆက်ဆံရေးအတွက် ဦးတည်ချက်ကို သတ်မှတ်တယ်ဆိုတဲ့ အကြောင်း၊ ပြန်လည်ပေါင်းစည်းရေးကိုဟန့်တားတဲ့ ခွဲထွက်ရေးအဖွဲ့တွေရဲ့ မည်သည့်ကြိုးပမ်းမှုမဆို ကျရှုံးခြင်းနဲ့သာ အဆုံးသတ်ရမယ်ဆိုတဲ့ အကြောင်းနဲ့ တရုတ်နိုင်ငံရဲ့ အပြည့်အဝ ပြန်လည်ပေါင်းစည်းရေးကို ကြားဝင်နှောင့်ယှက်တဲ့ ပြင်ပအင်အားစုများ အနေနဲ့ အတိအကျ ချေမှုန်းခံရမယ်ဆိုတဲ့ အကြောင်းတို့ပဲ ဖြစ်ပါတယ်။

အထူးသဖြင့် ပြင်ပအင်အားစုတွေက တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လျော့နည်းစေဖို့အတွက် ထိုင်ဝမ်ကျွန်းကို ပုစ္ဆန်ဆိတ်တစ်ကောင်လို အသုံးချနေပြီး တရုတ်နိုင်ငံရဲ့ သွေးသစ်လောင်းမှုကို ဟန့်တားနှောင့်ယှက်နေပါတယ်။ သူတို့တွေဟာ ထိုင်ဝမ်ပြည်သူတွေရဲ့ အသက်သွေး ချွေး၊ အကျိုးစီးပွားနဲ့ အနာဂတ်တို့ကို လောင်းကြေးထပ်ပြီး သူတို့ရဲ့ အကျိုးစီးပွားအတွက်သာ အကောင်အထည်ဖော်နေတာပါ။ ဒါ့အပြင် ပြင်ပအင်အားစုတွေဟာ ထိုင်ဝမ်ခွဲထွက်ရေးအင်အားစုတွေကို မြှောက်ထိုးပင့်ကော်လုပ်ခြင်းကြောင့် ရေလက်ကြားဖြတ်ကျော်ဆက်ဆံရေးတင်းမာပြီး ထိပ်တိုက်တွေ့ဆုံမှုတွေထဲဖြစ်ကာ အာရှ-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အားနည်းလာစေပါတယ်။

### ခေတ်သစ်ကာလ နိုင်ငံတော် ပြန်လည်ပေါင်းစည်းရေး

နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆိုတဲ့နေရာမှာ ရာစုနှစ်တစ်ခုအတွင်း ဘယ်တုန်းကမှ မမြင်ခဲ့ဖူးတဲ့အတိုင်းအတာနဲ့ တစ်ကမ္ဘာလုံးပြောင်းလဲနေတာကြောင့် နိုင်ငံတော် သွေးသစ်လောင်းမှုအတွက် ရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားရမှာ CPC နဲ့တရုတ်အစိုးရတို့က ထိုင်ဝမ်အရေးနဲ့ပတ်သက်ပြီး CPC ရဲ့ အခြေခံလမ်းညွှန်ချက်တွေကို လိုက်နာကာ အခြေခံသဘောတရားများနဲ့ မူဝါဒများကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရေလက်ကြားဖြတ်ကျော် ငြိမ်းချမ်းစွာ ဆက်ဆံရေးအတွက် စွမ်းအားကုန်ကြိုးပမ်းဆောင်ရွက်ကာ နှစ်ဖက်စလုံးရဲ့ဖွံ့ဖြိုးတိုးတက်မှုများကို ပေါင်းစည်းပြီး နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးဆီ ဦးတည်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဒီလိုဦးတည်လုပ်ဆောင်ရာမှာလည်း အကြောင်းအရာလေးရပ်ကို ချမှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးနဲ့ တစ်နိုင်ငံ၊ အုပ်ချုပ်မှုစနစ် နှစ်မျိုးအခြေခံသဘောတရားများကို ဆက်လက်စွဲကိုင်ထားခြင်း၊ ရေလက်ကြားဖြတ်ကျော် ငြိမ်းချမ်းစွာ ဆက်ဆံရေးနဲ့ ပေါင်းစည်းရေးဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ခြင်း၊ ခွဲထွက်ရေးဝါဒနဲ့ ပြင်ပကြားဝင်စွက်ဖက်မှုများကို ချေမှုန်းခြင်း၊ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ သွေးသစ်လောင်းခြင်းအတွက် ထိုင်ဝမ်ရှိ တရုတ်တစ်နိုင်ငံတည်းသားများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

### ငြိမ်းချမ်းစွာပြန်လည် ပေါင်းစည်းရေးအတွက် တောက်ပနေတဲ့အလားအလာ

တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုးအရ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းသွားပြီဆိုရင်တော့ နိုင်ငံတော်သွေးသစ်လောင်းမှုနဲ့ နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိစေဖို့အတွက် အုတ်မြစ်အသစ်များကို ချမှတ်သွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ထိုင်ဝမ်ကျွန်းမှာ လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားလှစွာသော အခွင့်အလမ်းကောင်းများကို ဖန်တီးပေးသွားမှာဖြစ်ပြီး ထိုင်ဝမ်ရှိ တရုတ်တစ်နိုင်ငံတည်းသားများအတွက် လက်တွေ့ကိုင်တွယ်လို့ရတဲ့ အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

ဒီလို ဖော်ဆောင်သွားမယ့်အတွက်လည်း အကြောင်းအရာ လေးရပ်ကို သတ်မှတ်ထားပါသေးတယ်။ အဲဒါတွေကတော့ ထိုင်ဝမ်ကျွန်းဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားကျယ်ပြောတဲ့ နေရာတစ်ခု ရှိလာမှာဖြစ်ကြောင်း၊ ထိုင်ဝမ်ကျွန်းရှိ ပြည်သူများရဲ့ အခွင့်အရေးများနဲ့ အကျိုးစီးပွားများကို အပြည့်အဝ ကာကွယ်ပေးသွားမှာဖြစ်ကြောင်း၊ ထိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်ဆီမှာ ရှိကြတဲ့သူတွေ အားလုံး နိုင်ငံတော်သွေးသစ်လောင်းမှုရဲ့ အောင်မြင်မှုကို မျှဝေသွားမှာဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးက အာရှ-ပစိဖိတ်ဒေသနဲ့ တခြား ကမ္ဘာ့ဒေသအသီးသီးမှာပါ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း တို့ပဲဖြစ်ပါတယ်။

### နိဂုံး

နှစ်ပေါင်း ၅၀၀၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ တရုတ်နိုင်ငံ သမိုင်းဟာ ခမ်းနားထည်ဝါတဲ့ ယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားနိုင်တဲ့အထိပါပဲ။ ဒါပေမယ့် ရာစုနှစ်တစ်ခုကျော်ကြာ ဆင်းရဲဒုက္ခပေါင်းစုံကို ခံစားရပြီးနောက် နိုင်ငံတော်ဟာ အရှက်ကွဲခြင်းကို ကျော်လွှားကာ ရှေ့သို့ဆက်လက်လှမ်းနိုင်ခဲ့ပြီး အကန့်အသတ်မဲ့ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများကို ဖမ်းဆုပ်နိုင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ နိုင်ငံတော် သွေးသစ်လောင်းမှုဆီကို ဦးတည်လျှောက်လှမ်းနေပါပြီ။

သို့သော် လျှောက်လှမ်းသမျှသော ခရီးလမ်းတိုင်းက ချောမွေ့တယ်ဆိုတာ မရှိနိုင်သော်လည်း ထိုင်ဝမ်ရေလက်ကြား တစ်ဖက်တစ်ချက်ဆီမှာရှိတဲ့ တရုတ်နိုင်ငံသားများက တူညီတဲ့ရည်မှန်းချက်အတွက် ကာယ၊ ဉာဏအစွမ်းအားတို့ကို စိုက်ထုတ်ကာ ထိုင်ဝမ်အရေးမှာ ပြင်ပကြားဝင်စွက်ဖက်မှုကိုလက်မခံဘဲ နိုင်ငံတော်ကို နှစ်ခြမ်းကွဲစေမယ့်ဘယ်လိုကြိုးပမ်းအားထုတ်မှုမျိုးကိုမဆို ဖျက်ဆီးပြီး နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးနဲ့ သွေးသစ်လောင်းရေးအတွက် ကြီးမားတဲ့အင်အားစုဖြစ် ပေါင်းစည်းသွားမှာပါ။

### သုံးသပ်ချက်

အထက်ပါအကြောင်းအရာ အချက်အလက်များကတော့ တရုတ်အစိုးရက ထုတ်ပြန်တဲ့ ထိုင်ဝမ်ကျွန်းအရေးစက္ကူဖြူစာတမ်းပါ အကြောင်းအရာ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

အဲဒီအကြောင်းအရာတွေကို ဖတ်ရှုလိုက်တဲ့အခါ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ ခွဲခြားမရတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သမိုင်းနဲ့ချီပြီး ပြောသွားတာကို တွေ့ရပါတယ်။ တကယ်တမ်း ပြန်ကြည့်ရင်လည်း နိုင်ငံတကာဥပဒေအရဖြစ်စေ၊ တရုတ်ဥပဒေအရဖြစ်စေ၊ ကမ္ဘာ့နိုင်ငံများရဲ့ လက်ခံမှုအရဖြစ်စေ ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံကြီးရဲ့ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ကြောင်း အထင်အရှားတွေ့ရပါတယ်။

နောက်တစ်ခုက တရုတ်နိုင်ငံတော် ပြန်လည် ပေါင်းစည်းရေးအတွက် တရုတ်ကွန်မြူနစ်ပါတီနဲ့ တရုတ်အစိုးရ အဆက်ဆက်တို့က အားသွန်ခွန်စိုက် ကြိုးပမ်းလာတာ ပကတိအမှန်တရားဖြစ်နေပါတယ်။ တကယ်တမ်းတရုတ် ပြည်မကြီးအနေနဲ့ ထိုင်ဝမ်လို ကျွန်းသေးသေးလေးကို အင်အားသုံးပြီး တက်သိမ်းမယ်ဆိုရင်တောင် သိမ်းနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် ကိုယ့်တစ်ပြည်ထဲသားတွေဆိုတဲ့ စိတ်နဲ့ နိုင်ငံတော်ကြီး ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကိုသာ အစဉ်ရှေ့ရှု လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

ဒီလိုရှေ့ရှုလုပ်ဆောင်မှုကို ဘယ်သူတစ်ဦးတစ်ယောက်ကမျှ ကြားဝင်ဟန့်တား နှောင့်ယှက်ဖျက်ဆီးခြင်းငှာမစွမ်းသာစေဖို့ ခိုင်မာတဲ့မူဝါဒတွေ ချမှတ်ပြီး အစဉ်တစိုက်အကောင်အထည်ဖော်နေတာကိုလည်း တွေ့ရပါတယ်။ ခေတ်သစ်ကာလ နိုင်ငံတော်ပြန်လည်ပေါင်းစည်းရေးမှာဆိုရင်လည်း တစ်နိုင်ငံ အုပ်ချုပ်မှုစနစ်နှစ်မျိုးဆိုတဲ့ သတ်မှတ်ချက်အောက်မှာ နိုင်ငံတော်ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးနဲ့ နိုင်ငံတော် သွေးသစ်လောင်းရေးတို့ကို တရုတ်ပြည်မကြီးက ထိုင်ဝမ်ကျွန်းရှိတစ်နိုင်ငံတည်းသားများနဲ့ အတူတကွပေါင်းစည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းသွားပြီဆိုရင်တော့ တရုတ်နဲ့ ဟောင်ကောင်ကြား၊ တရုတ်နဲ့မကာအိုကြား ရရှိခဲ့တဲ့အပြန်အလှန်ဆက်ဆံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိုင်ဝမ်ကျွန်းအနေနဲ့ လက်ခံရရှိကာ အဲဒီကနေမှ တစ်ဆင့်ဒေသတွင်းသာမက ကမ္ဘာ့ဒေသအသီးသီးမှာပါ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်ကို ခံစားနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ထိုင်ဝမ်ကျွန်းဆိုတာ တရုတ်နိုင်ငံရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာကို သမိုင်းကြောင်းအရနဲ့ ဥပဒေကြောင်းများအရ ဘယ်လိုမှ ငြင်းပယ်လို့မရတဲ့ အမှန်တရားဖြစ်ပြီး တရုတ်အစိုးရက လုပ်ဆောင်နေတဲ့ နိုင်ငံတော် ပြန်လည်ပေါင်းစည်းရေးဆိုတာကလည်း တကယ်လက်တွေ့ အလုပ်ဖြစ်စေတဲ့ လုပ်ငန်းစဉ်ဖြစ်တာကြောင့် အောင်မြင်ပါစေကြောင်း ဆုတောင်းကာ အင်အားကြီးနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ဝိုင်းဝန်း ထောက်ပံ့ပေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ဇူလိုင်လအတွင်း စစ်တွေ၊ မောင်တောကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ နှစ်သန်းကျော်ဖိုး ကုန်သွယ်ခဲ့

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် စစ်တွေနှင့် မောင်တော ကုန်သွယ်ရေးစခန်းနှစ်ခုမှ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ကုန်သွယ်ရေးဆောင်ရွက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၃ သန်းဖိုးခန့် ကုန်သွယ်နိုင်ခဲ့ကြောင်း ရခိုင် ကုန်သည်/စက်မှုအသင်းမှ သတင်းထုတ်ပြန်ခဲ့သည်။

ပို့ကုန်ပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄၈ သန်းဖိုးနှင့် သွင်းကုန်ပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၅ သန်းဖိုး ပမာဏကို ကုန်သွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ စစ်တွေကုန်သွယ်ရေး စခန်းဖြစ်သည့် ရွှေမင်းဂံဆိပ်ကမ်းမှ ပို့ကုန် ဒေါ်လာ ၀ ဒသမ ၄၉၉ သန်းဖိုးနှင့် သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၀၂ သန်းဖိုး ကုန်သွယ်ခဲ့ပြီး မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း ကညင်ချောင်း စီးပွားရေးဇုန်မှ ပို့ကုန် ဒေါ်လာ ၁ ဒသမ ၆၄၉ သန်းဖိုးနှင့် သွင်းကုန် ၀ ဒသမ ၀၀၃ သန်းဖိုး ကုန်သွယ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရေး အတွက် ဩဂုတ် ၈ ရက်မှ စတင်၍ မြန်မာ့စီးပွားရေးဘဏ် မောင်တောဘဏ်ခွဲနှင့် စစ်တွေဘဏ်ခွဲတို့၌ ကုန်သွယ်မှုအတွက် ရငွေ အမေရိကန်ဒေါ်လာကို ဗဟိုဘဏ် သတ်မှတ်ဈေးနှုန်းများဖြင့် လဲလှယ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်လာစေရေးအတွက် ရန်ကုန်-စစ်တွေ-စစ်တကောင်း ကမ်းရိုးတန်းသွား သင်္ဘောလိုင်း(Coastal Shipping Line) ဖြင့် တိုက်ရိုက်ပြေးဆွဲကုန်သွယ်မှု ပြုလုပ်နိုင်ရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ကုန်သည်/ စက်မှုအသင်းကလည်း ပူးပေါင်းပါဝင်လျက်ရှိရာ မကြာမီ စတင်ပြေးဆွဲနိုင်တော့မည်ဟု ခန့်မှန်းရသည်။

**ကိုရိုး**



စစ်တွေနယ်စပ် ကုန်သွယ်ရေးစခန်း ရွှေမင်းဂံဆိပ်ကမ်းမှ ကုန်တင်ရေယာဉ်တစ်စင်း။

# လယ်ယာထွက်ကုန် အဆင့်မြှင့်တင်ခြင်းအတွက် ယူနန်ပြည်နယ်မှ ပံ့ပိုး

**ရန်ကုန် ဩဂုတ် ၁၁**

တရုတ်-မြန်မာ နိုင်ငံတကာ လယ်ယာ ထွက်ကုန်များ အခြေခံသည့် ကုန်ထုတ်လုပ်ရေးလိုင်း အဆင့်မြင့်နည်းပညာနှင့် လက်ရာလေ့ကျင့်ရေးသင်တန်းကို ယူနန်ပြည်နယ် ကူမင်းမြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့တို့၌ Online/ Offline ပုံစံဖြင့် ဩဂုတ် ပထမပတ်က တစ်ချိန်တည်း ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ တရုတ်နိုင်ငံမှ သက်ဆိုင်ရာ သင်တန်းကျောင်း၊ လုပ်ငန်းကုမ္ပဏီ၊ လုပ်ငန်းအသင်းနှင့် သင်ကြားမည့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်း(MFVP)၊ မြန်မာနိုင်ငံ ငှက်ပျောသီးအသင်း (MBPFC)နှင့် မှိုစိုက်ပျိုးရေးအသင်း စသည့် သက်ဆိုင်ရာလုပ်ငန်း အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီမံအုပ်ချုပ်သူနှင့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ခဲ့သည်။

ယခုအကြိမ်လေ့ကျင့်ရေးတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု လက်တွေ့လိုအပ်ချက်အရ ခေတ်မီ အချောသတ်နည်းပညာ သဘောတရားနှင့် လက်မှုပညာ၊ အမြဲသုံးအချောကိုင်သည့် စက်ပစ္စည်း၊ အယူအဆ သင်ခန်းစာနှင့် လက်တွေ့လုပ်ဆောင်ခြင်း သင်ခန်းစာများ ထည့်သွင်းရေးဆွဲထားမှုများ ပါဝင်သည်။



ယခုအကြိမ် လေ့ကျင့်ရေးမှ တစ်ဆင့် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား စက်ပစ္စည်းထုတ်လုပ်မှု၊ လယ်ယာထွက်ကုန် ကဏ္ဍများတွင် ကူးလူးဖလှယ်မှုကို မြှင့်တင်နိုင်ပြီး သိပ္ပံနည်းပညာအင်အားဖြင့် တရုတ်-မြန်မာ ပြည်သူများကို အကျိုးပြုကာ တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုနှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြှင့်တင်နိုင်မည်ဖြစ်ကြောင်း တရုတ်သံရုံးက သတင်းထုတ်ပြန်ထားသည်။

**သီရိ**

## ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာထောက်ခံချက် လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရန်လို

**မန္တလေး ဩဂုတ် ၁၁**

ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် Tradenet 2.0 စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကုန်သည်/ စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ထောက်ခံချက်ပေးသည့် လုပ်ငန်းစဉ်များကို ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇူလိုင်လအထိ သက်ဆိုင်ရာ OGA ဌာနများမှ ပို့ကုန်သွင်းကုန်လိုင်စင်ဆိုင်ရာ ထောက်ခံချက် ထုတ်ပေးလျက်ရှိပြီး ကျန်ဌာနများအနေဖြင့်လည်း Tradenet 2.0 မှတစ်ဆင့် ထောက်ခံချက်ပေးနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကုန်သွယ်ရေးဦးစီးဌာနက အသိပေးထားသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်ဌာနများ သို့မဟုတ် အသင်းများထံသို့ ချိတ်ဆက်၍ ပို့ကုန်သွင်းကုန်လိုင်စင်အတွက် ထောက်ခံချက်များကို ရယူရမည်ဖြစ်သည်။

Tradenet 2.0 စနစ်အသုံးပြုမှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာဆိုင်ရာ အခက်အခဲများရှိပါက ဖုန်းနံပါတ် ၀၆၇-၄၀၈၆၇၀ ၊ ၀၆၇-၄၀၈၆၇၁ ၊ Email: myanmartradenet@dot.gov.mm တို့တွင် စုံစမ်းအကူအညီရယူနိုင်ကြောင်း သိရသည်။

**ကိုရိုး**

# တစ်ပတ်အတွင်းအခြေခံစားကုန်ဈေးကွက်

**ရန်ကုန် ဩဂုတ် ၁၁**

ယခုတစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ငရုတ်နှင့် မတ်ပဲ၊ ပဲစင်းငုံတို့ ဈေးအတက်ကြမ်းလာခဲ့ပြီး အာလူးနှင့် ကြက်သွန်နီတို့မှာလည်း နေ့စဉ်အတက်ပြလာသည်။ ဆန်ချောဈေးနှုန်းမှာ အမြင့်တွင် တန့်နေခဲ့ပြီး စားသုံးဆီများ အဝယ်လိုက်လာကြောင်း သိရသည်။

## ဆန်

ဆန်ဈေးနှုန်းများ အမြင့်ပိုင်းတွင် တည်ငြိမ်လျက်ရှိသည်ကို မြင်တွေ့ရသည်။ ဩဂုတ် ၁၀ ရက် ပေါ်ဆန်း တစ်အိတ်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းတစ်အိတ် ကျပ် ၈၀၀၀၀-၈၈၀၀၀၊ ပုသိမ်/မြောင်းမြ တစ်အိတ် ကျပ် ၆၁၀၀၀-၆၅၀၀၀၊ ဖျာပုံတစ်အိတ် ကျပ် ၅၉၀၀၀-၆၃၀၀၀ ဖြစ်ပြီး ဈေးငြိမ်လျက်ရှိသည်။ ပေါ်ကျွဲတစ်အိတ်လျှင် ကျပ် ၄၃၀၀၀-၄၆၀၀၀၊ ရက် ၉၀ ဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၃၉၀၀၀-၄၃၀၀၀၊ သီးထပ်ဆန်ကြမ်းတစ်အိတ် ကျပ် ၃၅၀၀၀ အသီးသီးရှိနေသည်။

## မတ်ပဲနှင့် ပဲစင်းငုံ

ဩဂုတ် ၁၀ ရက်တွင် မတ်ပဲ FAQ/RC တစ်တန် ကျပ် ၁၇၉၂၀၀၀၊ ပဲစင်းငုံနီ Red/RC တစ်တန်ကျပ် ၁၈၉၅၀၀၀ စသည်ဖြင့် ဈေးနှုန်းများ သတ်မှတ် ရောင်းချနေသည်ကို မြင်တွေ့ရသည်။ ဈေးကွက်အတွင်း ဩဂုတ် ၅ ရက်နှင့် ဩဂုတ် ၁၀ ရက်ကြားတွင် မတ်ပဲ တစ်တန်လျှင် ကျပ် ၁၂၄၅၀၀ နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ် ၂၈၂၅၀၀ ဈေးတက်လာခဲ့ခြင်း ဖြစ်သည်။

## ကြက်သွန်နီ

ဩဂုတ်ပထမပတ်အတွင်း ဘုရင့်နောင်သို့ ကြက်သွန်နီ အဝင်နည်းသော်လည်း ဈေးနှုန်းမတက်ဘဲ လက်ငုတ်သာ ရှိခဲ့သည်။ ဩဂုတ် ၈ ရက် ဖွင့်ရက်တွင်မှ တစ်ပိဿာ ကျပ် ၁၀၀ ဈေးတက်လာပြီး ဩဂုတ် ၉ ရက်တွင် တစ်ပိဿာ ကျပ် ၂၃၀၀ နှုန်းအထိ ဈေးမြင့်လာသည်။ ဩဂုတ် ၁၀ ရက် ဈေးနှုန်းများအရ လက်ကားတစ်ပိဿာ ဈေးနှုန်းများမှာ ဆိပ်ဖြူကြက်သွန် တစ်ပိဿာ ကျပ် ၁၅၅၀-၁၉၅၀-၂၁၀၀-၂၁၅၀၊ မြင်းခြံကြက်သွန် တစ်ပိဿာ ကျပ် ၁၇၀၀-၂၁၀၀-၂၂၀၀-၂၃၀၀၊ မုံရွာကြက်သွန် တစ်ပိဿာ ကျပ် ၁၇၀၀-၂၁၀၀-၂၂၀၀-၂၃၀၀ နှုန်းရှိသည်။ နယ်ကုန်စည်ဒိုင် တစ်ပိဿာအမြင့်ဆုံးဈေးနှုန်းများမှာ ဆိပ်ဖြူကျပ် ၁၈၅၀၊ ပခုက္ကူ ကျပ်၂၀၀၀၊ မြင်းခြံ ကျပ် ၂၀၀၀ နှုန်းရှိကြောင်းသိရသည်။

## ကြက်သွန်ဖြူ/အာလူး/ငရုတ်

ရှမ်းအောင်ပန်းကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၂၁၀၀-၂၇၅၀-၃၁၅၀-၃၇၀၀ နှုန်းရှိသော်လည်း ကြူကုတ် တစ်ပိဿာ ကျပ် ၃၃၀၀-၃၃၅၀ နှုန်းသာရှိသည်။ အာလူးမှာ ဈေးနှုန်းအမြင့်တွင် ဆက်လက်ရှိနေပြီး ဩဂုတ် ၁၀ ရက် ဈေးနှုန်းများတွင် ရှမ်းအာလူး လက်ကား တစ်ပိဿာ ကျပ် ၁၂၅၀-၁၅၀၀-၁၉၅၀-၁၉၅၀ နှုန်း၊ တရုတ်အာလူးတစ်ပိဿာ ကျပ် ၂၀၅၀-၂၁၀၀ နှုန်းရှိနေသည်။

ငရုတ်ဈေးနှုန်းသည် ဩဂုတ်လဆန်းပိုင်းတွင် ပဲဈေးနှုန်းကဲ့သို့ ဩဂုတ် ၉ ရက်အထိ နေ့စဉ်နီးပါး ထူးခြားစွာ မြင့်တက်နေသည်။ ယင်းနေ့တွင် မိုးထောင်ငရုတ် အအေးခန်းထုတ် လက်ကားတစ်ပိဿာ ကျပ် ၁၈၅၀၀-၁၉၀၀၀၊ စိမ်းစားပွ ကျပ် ၁၆၅၀၀-၁၇၀၀၀၊ ဆင်ဖြူကျွန်းပွ အအေးခန်းထုတ် တစ်ပိဿာ ကျပ် ၁၆၅၀၀၊ မြစ်ဝပွ တစ်ပိဿာ ကျပ် ၁၆၅၀၀-၁၇၀၀၀၊ နယ်သာလန် ငရုတ်ရှည် တစ်ပိဿာ ကျပ် ၁၅၅၀၀ နှုန်းရှိသည်။

## စားအုန်းဆီ

ဩဂုတ် ၈ ရက်မှ ၁၄ ရက်အတွင်း ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာဈေးနှုန်း ၃၅၂၅ ကျပ်ဖြင့် ဈေးနှုန်းမပြောင်းသကဲ့သို့ ရန်ကုန်ပြင်ပဆီဈေးကွက်တွင်လည်း လက်ငင်းအလှယ် လက်ကားပီပါဈေး တစ်ပိဿာ ကျပ် ၈၅၀၀ ဝန်းကျင် ဈေးမပြောင်းလဲကြောင်း သိရသည်။ ပြင်ပဆီဈေးကွက်အတွင်း ကန်ဆီဝယ်လိုအားများနေသော်လည်း ရောင်းသူနည်းလျက်ရှိသည်။ ၁၈ လီတာပုံးဝါ ဆီတစ်ပုံး (ဆီသား ၁၀ ပိဿာ)လျှင် ကျပ် ၈၈၀၀၀ နှုန်းရှိလာသည်။ ပုံးခွံဖိုးနုတ်လျှင် ဆီတစ်ပုံး ကျပ် ၈၆၀၀၀ ရှိသည်။

**အောင်ခင်နိုင်**

# သကြားထွက်ကုန်တင်ပို့မှု အခွန်စည်းကြပ်မည့် ဗီယက်နမ်

**ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းသကြားထုတ်လုပ်မှုကဏ္ဍကို အကာအကွယ်ပေးရန်အတွက် ပထမခြေလှမ်းအဖြစ် ထိုင်းနိုင်ငံမှ တင်သွင်းသည့်ထုတ်ကုန်များကို ပြီးခဲ့သည့်နှစ်ဇွန်လက အခွန်တိုးမြှင့်ခဲ့ပြီး ယခုလည်း မြန်မာအပါအဝင် အာဆီယံနိုင်ငံ ငါးနိုင်ငံမှ ဖြတ်သန်းတင်သွင်းလာသည့် ထိုင်းနိုင်ငံထွက် ကြံကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသော သကြားထွက်ကုန်များကိုလည်း အဆိုပါ အခွန်နှုန်းထားဖြင့် စည်းကြပ်ကောက်ခံမည်ဖြစ်သည်။**



လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းလာသော သကြားထွက်ကုန်များအပေါ် Anti-Dumping Duty အဖြစ် ၄၂ ဒသမ ၉၉ ရာခိုင်နှုန်းနှင့် Anti-Subsidy Duty အဖြစ် ၄ ဒသမ ၆၅ ရာခိုင်နှုန်း စုစုပေါင်း အခွန်နှုန်းထား ၄၇ ဒသမ ၆၄ ရာခိုင်နှုန်းဖြင့် အခွန်စည်းကြပ် ကောက်ခံတော့မည်ဖြစ်သော်လည်း အဆိုပါနိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံအတွင်း စိုက်ပျိုးရိတ်သိမ်းသည့်ကြံပင်မှ ထုတ်လုပ်ရရှိသည့် သကြားထွက်ကုန်များအဖြစ် သက်သေပြနိုင်ပါက အထက်ဖော်ပြပါ အခွန်နှုန်းထားဖြင့် စည်းကြပ်ကောက်ခံသွားမည် မဟုတ်ကြောင်း သိရသည်။

**အကျိုးသက်ရောက်မည်**

အဆိုပါ အခွန်စည်းကြပ်ကောက်ခံမှုသည် ဩဂုတ် ၂ ရက်မှ ၂၀၂၆ ဇွန် ၁၅ ရက်အထိဖြစ်ပြီး ဝန်ကြီးဌာနမှ အမိန့်တစ်စုံတစ်ရာ ထပ်မံပြုလုပ်ခြင်းမရှိသည်အထိ အကျိုးသက်ရောက်နေမည်ဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်သည် Anti-Dumping နှင့် Anti-Subsidy အခွန်များ ကျသင့်စေသည့် ထိုင်းနိုင်ငံမှ ကြံနှင့် သကြားထွက်ကုန်များ အာဆီယံနိုင်ငံများမှတစ်ဆင့် ဗီယက်နမ်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်ဟူသည့် ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Remedies Author-ity ၏ စုံစမ်းစစ်ဆေးမှုများအပေါ် မူတည်၍ ချမှတ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းသကြားထုတ်လုပ်မှုလုပ်ငန်းကဏ္ဍသည် နိုင်ငံရပ်ခြားမှ သကြားထွက်ကုန်များ ပေါများစွာတင်သွင်းနေမှုများကြောင့် အားနည်းလျက်ရှိပြီး သကြားဈေးကွက်အတွင်း ဈေးကွက်ဝေစု ၂၀ ရာခိုင်နှုန်းသာ ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ နှစ်စဉ်သကြားလိုအပ်ချက်ပမာဏသည် တန် ၂ ဒသမ၂ သန်းရှိပြီး တရားဝင်လမ်းကြောင်းများမှ တင်သွင်းမှုနှင့် မှောင်ခိုတင်သွင်းမှုမှာ စုစုပေါင်း တန် ၂ သန်း ခန့်ရှိသည်။

ထိုင်းသကြားအား ဗီယက်နမ်နိုင်ငံမှ အခွန်စည်းကြပ်ကောက်ခံခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများသို့ အရင်တင်ပို့ပြီးမှ ဗီယက်နမ်နိုင်ငံဈေးကွက်သို့ မူရင်းမူလနိုင်ငံ (Country of Origin) အဖြစ် ကြေညာကာ တင်သွင်းလျက်ရှိသည်ဟု ဗီယက်နမ်နိုင်ငံက ဆိုထားသည်။ ၂၀၂၁ ခုနှစ်တွင် အထက်ဖော်ပြပါ နိုင်ငံ ငါးနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သကြားတင်ပို့မှုသည် တန် ၁ ဒသမ ၄ သန်းပတ်ဝန်းကျင်ရှိခဲ့ပြီး ၂၀၂၂ ခုနှစ် ပထမ ငါးလတာကာလအတွင်း တန် ၆၀၀၀၀၀ ခန့်ရှိခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

## ဂျာမနီနိုင်ငံ၏ ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်

ဂျာမနီနိုင်ငံတွင် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်နေသော်လည်း ၂၀၂၂ ခုနှစ် ဇွန်လတွင် ပို့ကုန်ဝင်ငွေ ပြန်လည်မြင့်တက်လာပြီး ကုန်သွယ်မှုပိုငွေ ရရှိခဲ့ကြောင်း Federal Statistical Office ၏ ဩဂုတ် ၃ ရက်က ထုတ်ပြန်သည့်စာရင်းအရ သိရသည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် ပို့ကုန်တန်ဖိုး ယူရို ၁၃၄ ဒသမ ၃ ဘီလီယံနှင့် သွင်းကုန်တန်ဖိုး ယူရို ၁၂၇ ဒသမ ၉ ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေ ယူရို ၆ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။ ပို့ကုန်တန်ဖိုးသည် မေလနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၅ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး အီးယူနိုင်ငံများသို့ ၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများသို့ ၅ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရသည်။

**ကျဆင်းလာနိုင်မည့်အနေအထား**

ပို့ကုန်တိုးတက်မှုရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများက ဂျာမနီနိုင်ငံ၏ export-driven economy စီးပွားရေးအလားအလာအပေါ် လက်ရှိ လောင်စာစွမ်းအင်ဈေးနှုန်းမြင့်တက်မှု၊ supply chain မတည်ငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှုအခြေအနေများကြောင့် ကျဆင်းလာနိုင်မည့် အနေအထားကိုသာ ရှုမြင်သုံးသပ်နေကြသည်။

ဇွန်လအတွင်း စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုမှာ မေလကထက် ၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်မှုရှိခဲ့သော်လည်း ထုတ်လုပ်မှုကဏ္ဍရှိ အမှာစာအသစ်များ လက်ခံရရှိမှုမှာ မေလနှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ လက်လီလုပ်ငန်းများ အရောင်းဝင်ငွေသည်လည်း မေလနှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ အသားထုတ်လုပ်သည့်လုပ်ငန်းများမှ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် တန်ချိန် ၃ ဒသမ ၅ သန်းအောက်သာ ထုတ်လုပ်ခဲ့ပြီး ကာလတူထက် ၇ ဒသမ ၉ ရာခိုင်နှုန်းလျော့နည်းဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

နိုင်ငံတွင်း ခရီးတိုသွားလာမှုများမှာ ပထမ သုံးလကထက် ၄၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး 9 euro ticket ကို အသုံးပြုမှုများခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ ဘီယာရောင်းချရမှုမှာမူ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း လီတာပေါင်း ၄ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၃ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မှုရှိကြောင်း သိရသည်။ လာမည့်ဆောင်းရာသီအတွက် ဓာတ်ငွေ့လုံလောက်စွာရရှိရေးမှာ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သည်။

၂၀၂၂ ခုနှစ် ပထမသုံးလအတွင်း စီးပွားရေးတိုးတက်မှု ၀ ဒသမ ၂ ရာခိုင်နှုန်းမျှော်မှန်းထားမှုအတွက် ပြန်လည်တွက်ချက်မှုများအရ ၀ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့သည်။ ဧပြီလမှ ဇွန်လအတွင်း စီးပွားရေးအခြေအနေမှာ ရပ်တန့်နေပြီး (stagnation) ဒုတိယ သုံးလအတွက် စီးပွားရေးတိုးတက်မှုနှုန်းကို သုညရာခိုင်နှုန်းအဖြစ် သတ်မှတ်ဖော်ပြထားသည်။ ဇူလိုင်လအတွက် ငွေကြေးဖောင်းပွမှုမှာ ၇ ဒသမ ၅ ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့မှုမှာ ၅ ဒသမ ၄ ရာခိုင်နှုန်းတွင် ရှိနေကြောင်း သိရသည်။

## ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း မြင့်မားလာနိုင်

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံ၏ လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်ခုအဖြစ် ကာလရှည်ကြာရှိခဲ့ရာ BRI စီမံကိန်းများကြောင့် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးတက်လာခဲ့သည်ကို မြင်တွေ့ရသည်။ တရုတ် - အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်နှင့် မကြာသေးမီက ဆောင်ရွက်ခဲ့သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီမှု နှစ်ရပ်စလုံးတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုးရေးနှင့် လွတ်လပ်စွာ ကုန်သွယ်မှုပြုခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်နိုင်ခွင့် ရရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးမှုအခြေအနေများအနက် အချို့သည် ပုံမှန်မဟုတ်သော နည်းလမ်းများမှတစ်ဆင့် ရရှိလာခဲ့ကြောင်း၊ တရုတ်ပြည်မကြီးရှိ လောင်းကစားသမားများထံမှ ငွေကြေးအရင်းအနှီးများကို တိုးတက်များပြားလာသော ကာစီနိုလောင်းကစားလုပ်ငန်းများမှ တစ်ဆင့် ရယူပြီး တစ်ဆက်တည်းတွင် အဆိုပါအရင်းအနှီးများကို အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ၌ ပြန်လည်ထည့်သွင်း ရင်းနှီးမြှုပ်နှံခြင်းမျိုးကဲ့သို့ နည်းလမ်းများကို အသုံးပြုခဲ့ကြောင်း သိရသည်။




**စီးပွားရေးတိုးတက်ရန်ခန့်မှန်း**

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ၂၀၂၀ ပြည့်နှစ်က ၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၃ ရာခိုင်နှုန်းခန့် ပြန်လည်တိုးတက်လာခဲ့သည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ၏ ဝင်ငွေအပေါ် ကိုဗစ်-၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများကို လျော့ပါးသက်သာစေနိုင်သည့် မူဝါဒများနှင့် နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အထောက်အကူပြုနိုင်သည့် မူဝါဒများကို ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် တစ်ဖက်တွင် ငွေကြေးဖောင်းပွမှု ရှိလာနိုင်သည်ဟူသော စိုးရိမ်ကြောင့်ကြမှုများ ရှိခဲ့သော်လည်း နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၅ ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် လွန်ခဲ့သော ဆယ်စုနှစ်တာကာလအတွင်း သိသာထင်ရှားသော အပြောင်းအလဲများကို ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်က အလယ်အလတ်အဆင့် ဝင်ငွေအောက်ရှိခဲ့သော အခြေအနေမှ ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေအလယ်အလတ်အဆင့် အထက်ရရှိသော အနေအထားသို့ ရောက်ရှိလာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

## တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက် ဇူလိုင်လတွင် အားပျော့

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် တရုတ်ပြည်တွင်း ပဲပုပ်ဈေးကွက်သည် တစ်တန်လျှင် ယွမ် ၆၁၀၀ ခန့်သာရှိသော ဈေးကွက်အတွင်း အတက်အကျအနည်းငယ်ဖြင့် အားနည်းပြီး တည်ငြိမ်ခဲ့ကြောင်း၊ ယခုလအစတွင် ပြည်တွင်းပေါက်ဈေးမှာ တစ်တန်လျှင် ၆၁၆၄ ယွမ် ဖြစ်ကြောင်း၊ ဇူလိုင် ၂၆ ရက်တွင် ပြည်တွင်းဈေးကွက် ပျမ်းမျှဈေးသည် တစ်တန်လျှင် ၆၁၂၅ ယွမ်ဖြစ်ပြီး ၀ ဒသမ ၁၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း SunSirs က စောင့်ကြည့်လေ့လာ ဖော်ပြထားသည်။

ဇူလိုင်လမှစတင်၍ နိုင်ငံပိုင်လေလံဈေးကွက်တွင် ပဲပုပ်အရောင်းအဝယ်ကျဆင်းပြီး ပြည်တွင်းပဲပုပ်ဈေးကွက်မှာ ဆက်လက်တည်ငြိမ်လျက်ရှိကြောင်း၊ ဇူလိုင်လလယ်တွင် နိုင်ငံတော်အရန် လေလံရောင်းချမှုနှုန်းမှာ အလွန်နည်းပြီး အရောင်းအဝယ်သမားများက ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် သတိထားခဲ့ကြကြောင်း၊ ပြည်တွင်းဈေးကွက်မှာ သိသိသာသာကျဆင်းသွားပြီး ပဲဈေးကွက်မှာ ပျော့ပျောင်း၍ ခန့်မှန်းရန်ခက်ခဲနေကြောင်း၊ ယခုလကုန်တွင် ပြည်တွင်းဈေး အပြောင်းအလဲနည်းသဖြင့် ကုန်သည်များ တင်ပို့ရောင်းချကြကြောင်း၊ အတက်အကျအနည်းငယ်သာရှိကြောင်း၊ ဝယ်လိုအားမှာ အပြောင်းအလဲနည်းနေပြီး terminal ဝယ်လိုအား တိုးတက်လာရန် ခက်ခဲကြောင်း SunSirs ၏ စိုက်ပျိုးရေးထွက်ကုန် လေ့လာဆန်းစစ်သူက သုံးသပ်ထားသည်။

**သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ ခင်ရတနာ စုစည်းဖော်ပြသည်။**

# ဩဂုတ် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၇၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၀၁,၀၄၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၂၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၁၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၉၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၄၈) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၄၇) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၂၈) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၄၉) ခု | (၄) ဦး |
| **စုစုပေါင်း** | (၆,၀၇၀) ခု | (၂၁) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၁** ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည် အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၆၀ ၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၈၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၃၇၈၂ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၈၈၇ ဦး၊ ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် ကျောက်ဖြူမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၂၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၀၆၈၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ဇဂကီလိုတန်းတွင် မြန်မာလက်ဝှေ့အလွတ်တန်းချန်ပီယံ ထွန်းထွန်းမင်းနှင့်အီရန်မှ မွေထိုင်းချန်ပီယံ ဟာန်တိုလီမာနီတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အထူးအမျိုးသမီးစိန်ခေါ်ပွဲအဖြစ် အဖွဲ့ချုပ်လက်ရွေးစင် မေသဇင်ထူးနှင့် AMT 2 ကလပ်မှ သံသာငြိမ့်တို့ ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို စကိုင်းနက် Sport ချန်နယ်မှ Live လွှင့်ပြသမည်ဖြစ်ပြီး လက်မှတ်များကို အကန့်သတ်ဖြင့် ရောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❂ *ကျော့ဖုံးမှ*

မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် ပြသနေသည့် ခြေစွမ်းအရ ဗိုလ်လုပွဲတက်ရောက်နိုင်သည့် အခြေအနေရှိသော်လည်း ပယ်နယ်တီ အဆုံးအဖြတ်တွင် ကံမကောင်းခဲ့သဖြင့် တတိယလုပွဲသာ ကစားရခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ အရေးနိမ့်ခဲ့သဖြင့် တတိယလုပွဲကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ် တက်ရောက်လာပြီး ဆီမီးဖိုင်နယ်တွင်လည်း အင်ဒိုနီးရှားကို ပွဲချိန်အတွင်း သရေကစားနိုင်ခဲ့ပြီး ပယ်နယ်တီကျမှ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် တတိယလုပွဲကစားရမည့် ထိုင်းအသင်းသည် အုပ်စု (ခ) တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ တက်ရောက်လာသော်လည်း ဆီမီးဖိုင်နယ်တွင် အကောင်းဆုံး အုပ်စုဒုတိယဖြင့် တက်ရောက်လာသည့် ဗီယက်နမ်အသင်းကို နှစ်ဂိုးပြတ် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲကစားရမည့် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းသည် အုပ်စု (က) တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။

မြန်မာအသင်းသည် အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲတစ်လျှောက် ချန်ပီယံဆုနှစ်ကြိမ်၊ ဒုတိယ နှစ်ကြိမ်၊ တတိယ တစ်ကြိမ် ရရှိဖူးပြီး ၂၀၁၅ ပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်ပြီးနောက်ပိုင်း ယခုအကြိမ်အပါအဝင် နောက်ဆုံး ငါးကြိမ်ဆက်တိုက် ဗိုလ်လုပွဲ တက်ရောက်နိုင်ခြင်းမရှိတော့ပေ။

မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် တတိယလုပွဲ ကစားခဲ့ရသော်လည်း မလေးရှားအသင်းကို အရေးနိမ့်ကာ ဆုနှင့် လွဲချော်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ယခုအကြိမ်တွင် တတိယဆုရရှိအောင် ကြိုးပမ်းရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

## GFA ကို ဂိုးပြတ်သွင်းပြီး အား/ ကာသိပ္ပံအသင်း နိုင်ပွဲပြန်လည်ရရှိ

**ရန်ကုန် ဩဂုတ် ၁၁**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့အဖြစ် အား/ ကာသိပ္ပံနှင့် GFA အသင်းတို့ ဩဂုတ် ၁၁ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံ အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

MNL ကို တစ်ကျော့ပြန်တန်း တက်လာသည့် GFA အသင်းသည် ယခုရာသီတွင် ရလဒ်မကောင်း သေးဘဲ နိုင်ပွဲတစ်ပွဲသာရသေးပြီး ခြောက်ပွဲမြောက် အရှုံးနှင့်အတူ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။ အား/ကာသိပ္ပံ အသင်းမှာမူ တတိယမြောက်နိုင်ပွဲနှင့်အတူ အဆင့် ၅ နေရာတွင်ရှိနေသည်။

GFA အသင်းသည် ခြေစွမ်းပိုင်း အရ အား/ကာသိပ္ပံအသင်းကို အပြန်အလှန် ကစားနိုင်သော်လည်း ခံစစ်ပိုင်း အားနည်းမှုကြောင့် ပေးဂိုးများသွားခြင်း ဖြစ်သည်။ ယခုရာသီတွင် ပုံစံကောင်းရနေသည့် အား၊ ကာသိပ္ပံအသင်းသည် ပွဲအစက တည်းက ဂိုးရရန် ကြိုးပမ်းခဲ့ပြီး ၁၁ မိနစ်တွင် အဖွင့်ဂိုးရခဲ့ကာ လင်းထက်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်း ပိုဖိကစား လာနိုင်လာပြီး ၁၈ မိနစ်တွင် ခင်ကျော်ဝင်း၊ ၄၂ မိနစ်တွင် မင်းမြတ်စိုးတို့က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် အား/ကာသိပ္ပံ အသင်းက သုံးဂိုးပြတ်ဦးဆောင်နေ သည်။ ဒုတိယပိုင်းတွင် GFA အသင်း ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၁ မိနစ်တွင် မောင်မောင်စိုးက တစ်ဂိုး ပြန်သွင်းခဲ့သော်လည်း အား/ကာသိပ္ပံ အသင်းက နှစ်ဂိုးထပ်မံသွင်းယူ ခဲ့သည်။ အား/ကာသိပ္ပံအသင်း အတွက် အနိုင်ဂိုးများကို ၆၁ မိနစ်တွင် ခင်ကျော်ဝင်းနှင့် ၈၅ မိနစ်တွင် အောင်ဇေယျာဖြိုးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ- MNL**



အား/ ကာ သိပ္ပံ နှင့် GFA အသင်း ယှဉ်ပြိုင်နေစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို(အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲ ဩဂုတ် ၁၂ ရက် စတင်မည်

**နေပြည်တော် ဩဂုတ် ၁၁**

၂၀၂၂ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒို (အမျိုးသား/ အမျိုး သမီး)ပြိုင်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် အသင်းအုပ်ချုပ် သူများနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ပိုင်းက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ Gold Medal Hall ၌ ပြုလုပ်သည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်း/စည်းကမ်း များနှင့်အညီ လိုက်နာနေထိုင် ယှဉ်ပြိုင်သွားကြရန် လိုအပ် ကြောင်း၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင် နေစဉ်အတွင်း သွားလာနေထိုင် ရေးနှင့် စားသောက်ရေးကို အထူး ဂရုပြု ဆောင်ရွက်သွားကြစေ လိုကြောင်း၊ ဆုရရှိသူများအား ဆုကြေးငွေများ တိုးမြှင့်ချီးမြှင့်ပေး သွားမည်ဖြစ်ပြီး အမျိုးသား တံခွန်စိုက်ဒိုင်း၊ အမျိုးသမီးတံခွန် စိုက်ဒိုင်းနှင့် စုပေါင်းတံခွန်စိုက် ဒိုင်းများ ချီးမြှင့်ပေးသွားမည်ဖြစ် ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်မှ အသင်းအုပ်ချုပ်သူ များ၊ နည်းပြများ၊ အားကစား သမားများအားလုံး ဝိုင်းဝန်း ပူးပေါင်း ကူညီဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြား သည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးရဲလွင်က ပြိုင်ပွဲ ဆိုင်ရာ သုတေသနကိစ္စရပ်များ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂျူဒို အဖွဲ့ချုပ်တာဝန်ရှိသူများက ပြိုင်ပွဲ ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/ စည်းကမ်းများကို လည်းကောင်း ဆွေးနွေးခဲ့ကြ သည်။ ဆက်လက်ပြီး အစည်း အဝေး တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ အသင်းအုပ်ချုပ်သူ/ နည်းပြများက ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြ ကြသည်။

၂၀၂၂ ခုနှစ် တိုင်းဒေသကြီး နှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အသင်း ၁၃ သင်း၊ အားကစားသမားဦးရေ ၂၄၀ ဖြင့် ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား ရုံ(A)၌ ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**အားကာမောင်**

## တရားမဝင် သစ်မျိုးစုံ၊ ဓာတုကုန်ကြမ်းပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ စက်လှေနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှု များ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ တရားမဝင် မီးသွေး ၅၂ ဒသမ ၉၉၀၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၈၂) နှင့် ကံမမြို့နယ် သာစည်ကျေးရွာအုပ်စု ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၁၅၉/၁)တွင် တရားမဝင် ကျွန်းခွဲသား ၂၆ ဒသမ ၉၂၅၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၇၇၀၇၆၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပခုက္ကူမြို့နယ် ရေဝတီတံတား (ပခုက္ကူ) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ Daihatsu Hijet အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ပို့ကုန် သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မင်းလှမြို့နယ် သပြေတောကျေးရွာအနီး ရေဝတီမြစ်အတွင်း၌ တရားမဝင် ကျောက်စရစ်စုပ်ယူရာတွင် အသုံးပြု သည့် သစ်သားခွံ စက်လှေ ၁၀ စင်းနှင့် ကျောက်စရစ် စုပ်ယူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၀၀၀၀၀)ကို ဖမ်းဆီးရမိ ခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်း ရေးဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၈၁၈၆၆၁၄၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေး စခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က သတင်းအရ ကင်းထွက်ခွာ စစ်ဆေးမှုများဆောင်ရွက်စဉ် ရန်ကုန်- မြဝတီလမ်းမကြီး မိုင်တိုင်အမှတ် (၉၈/၄)မိုင်၊ သစ်ဆိမ့်ပင်ရွာအနီးတွင် Toyota Mark II အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀)နှင့် Mazda Demio အမျိုး အစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၉ ရက်တွင် အကောက်ခွန်ဦးစီး ဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ ရာ လိုင်စင်ခွင့်ပြုချက်မရမီ ကုန်ပစ္စည်းရောက်ရှိသည့် ရက် ၆၀ ကျော်လွန်သည့် Sodium Carboxymethyl Cellulose ၄၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၄၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

